# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၂၂ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၆၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြတ်တောက်သွားသော လက်ဖဝါးအား ပြန်ဆက်ပေးသည့် ခွဲစိတ်ကုသမှု ဆောင်ရွက်စဉ်။

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြတ်တောက်သွားသော လက်ဖဝါးအား ပြန်ဆက်ပေးသည့်ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်

ရန်ကုန် ဇွန် ၂၀

ဘားအံမြို့နေ အသက် (၂၇)နှစ်အရွယ် အမျိုးသားတစ်ဦးသည် မေ ၂၄ ရက် နံနက် ၁၁ နာရီခန့်တွင် ဓားဖြင့်ခုတ်ခံရခြင်းကြောင့် ဘယ်ဘက်လက်ဖဝါး ပြတ်တောက်သွားရာ ပြည်သူ့ဆေးရုံကြီး-ဘားအံမြို့၌ အရေးပေါ်ကုသမှုပေးကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး လက်ဖဝါးအား ပြန်ဆက်ပေးသည့်ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါလူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်လူနာဌာန၌ လိုအပ်သော စမ်းသပ်စစ်ဆေးမှုများပြုလုပ်၍ ပြတ်တောက်သွားသော လက်ဖဝါးအား ပြန်ဆက်သည့်ခွဲစိတ်ကုသမှု(Replantation Surgery)ကို ည ၁၀ နာရီခွဲမှ စတင်၍ ဆောင်ရွက်ခဲ့ရာ မေ ၂၅ ရက် နံနက် ၅ နာရီခွဲတွင် အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့သည်။ *စာမျက်နှာ ၄ ကော်လံ ၁* ✻

## ယနေ့ *ဖတ် စ ရာ*


**ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်သော်လည်း ပြီးခဲ့သည့် နှစ်ဆန်းပိုင်းက ဖြစ်ပေါ်ခဲ့သောဈေးနှုန်းများထက် သက်သာလျော့နည်း၊ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ဝင်ရောက်လျက်ရှိ**

ပြည်တွင်းသတင်း | စာ ၅

**မငြိမ်းချမ်းတော့သည့်ကမ္ဘာကြီးနှင့် ကိုယ့်နိုင်ငံ ကိုယ်တိုင်ဖျက်နေကြသူများ**

ဆောင်းပါး | စာ ၆

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆/ ၂၀၂၅)**

ပြည်တွင်းသတင်း | စာ ၇

**အီရတ်၊ လက်ဘနွန်၊ ဆီးရီးယားနှင့်အီရန်နိုင်ငံတို့သို့ ခရီးသွားလာမှုဆိုင်ရာ အကြံပြုချက် ပါကစ္စတန် ထုတ်ပြန်**

နိုင်ငံတကာသတင်း | စာ ၁၄

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား ကျောင်းသူများ ရူပဗေဒ ဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ဆက်လက်ဖြေဆို**

ပြည်တွင်းသတင်း | စာ ၁၀






# စိုက်ရေးပျိုးရေးတွင် အေအိုင်ကို ကျွမ်းကျင်စွာသုံး

Artificial Intelligence (AI) ဆိုသည်မှာ ဖန်တီးပြုလုပ်ထားသည့် အသိဉာဏ်ဖြစ်ပြီး ရံဖန်ရံခါ ဉာဏ်ရည်တုဟူ၍ မြန်မာဘာသာ ပြန်ဆိုသည်။ သို့ရာတွင် နေ့စဉ်လူမှုဘဝနယ်ပယ်များတွင် အေအိုင်က တစ်စတစ်စ ကျယ်ပြန့်စွာ နေရာယူလာနေသလို ဉာဏ်ရည်တုဟူသော ဝေါဟာရထက် အေအိုင်ဟူ၍သာ ခေါ်ဝေါ် သုံးစွဲနေကြသည်ကို တွေ့ရသည်။ အေအိုင်သည် လူသားတို့၏ အသိဉာဏ်ကို တုပထားပြီး ကွန်ပျူတာများနှင့် စက်ရုပ်များတွင် ထည့်သွင်းထားသည့် ပရိုဂရမ်များပင်ဖြစ်သည်။ အေအိုင် နည်းပညာသုံးစွဲထားသည့် စက်များက လူသားများကဲ့သို့ သင်ယူ နိုင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်ခြင်း၊ ပြဿနာကို ဖြေရှင်း နိုင်ခြင်း၊ ဆုံးဖြတ်ချက်ချနိုင်ခြင်းတို့ ပြုလုပ်နိုင်စွမ်း ရှိလာသည်။

အေအိုင်ကို Artificial Narrow Intelligence (ANI)၊ Artificial General Intelligence (AGI)၊ Artificial Super Intelligence (ASI) ဟူ၍ ပုံစံသုံးမျိုးခွဲခြားနိုင်သည့်အနက် လက်ရှိအခြေအနေ တွင် ANI နည်းပညာက အရှိန်အဟုန်ရရှိနေခြင်းဖြစ်သည်။ ANI သည် ကျဉ်းမြောင်းသည့် အေအိုင်၊ အားနည်းသည့် အေအိုင် ဟုဆိုထားသော်လည်း လုပ်ငန်းတစ်ခုခုအတွက် အထူးဖန်တီး ပြုလုပ်ထားသည့် အေအိုင်မျိုးဖြစ်ပြီး လတ်တလောတွင် နယ်ပယ်ကဏ္ဍအများအပြား၌ တွင်ကျယ်နေသည့် အေအိုင်ဖြစ် သည်။ AGI ခေါ် အထွေထွေအေအိုင်ကိုမူ အားကောင်းသည့် အေအိုင် (Strong AI) အဖြစ် သတ်မှတ်ထားပြီး လူသားတစ်ဦး၏ ဦးနှောက်အတိုင်း အလုပ်လုပ်နိုင်သည့် စွမ်းရည်ရှိမည့်အေအိုင်ဖြစ် သည်။ လောလောဆယ်တွင်မူ AGI သည် စိတ်ကူးထည်မျှသာ ဖြစ်ပြီး အကောင်အထည်ပေါ်မလာသေး။ ထို့အတူ လူသားတို့၏ ဉာဏ်စွမ်းရည်ထက် ပိုမိုသည့် မဟာဉာဏ်ကြီးရှင်အေအိုင် (ASI) သည်လည်း အနာဂတ်တွင် ဖြစ်လာမည့်အခြေအနေတစ်ရပ်ဟု ဆိုသည်။

လက်ရှိ ANI သည်ပင်လျှင် အားနည်းသည့်အေအိုင်၊ ကျဉ်းမြောင်းသည့်အေအိုင်၊ အလုပ်တစ်ခုကို အထူးပြုသည့် အေအိုင်ဟုဆိုစေကာမူ လူ့အဖွဲ့အစည်းအပေါ် ကောင်းကျိုး ဆိုးကျိုးအမျိုးမျိုးဖြင့် လှုပ်လှုပ်ရှားရှားဖြစ်နေစေသည်။ နယ်ပယ် အသီးသီးတွင် အေအိုင်နည်းပညာကို အသုံးပြုနေကြသည်နှင့် အမျှ အေအိုင်သည် လူတို့နှင့် ပို၍ပို၍ပတ်သက်လာနေသည်။ အေအိုင်ကို ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် ရောဂါ ရှာဖွေခြင်း၊ ကုသခြင်း၊ စီမံခန့်ခွဲခြင်း၊ လူနာစောင့်ရှောက်ခြင်း စသည်တို့တွင် အသုံးချလျက်ရှိသကဲ့သို့ စက်မှုကုန်ထုတ်လုပ်ငန်း များ၊ လူမှုကွန်ရက်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့် ငွေကြေးဈေးကွက်များ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ ပညာသင်ကြားရေးလုပ်ငန်းများ စသည်ဖြင့် နယ်ပယ်များစွာ တို့တွင် တစ်နေ့တခြား ပိုမိုသုံးစွဲလာနေသည်။

စိုက်ပျိုးရေးသည် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ရာ တောင်သူများအတွက် စိုက်ပျိုးထုတ်လုပ်မှုအထောက်အကူပြု အေအိုင်နည်းပညာပြန့်ပွားရေးလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး တောင်သူများအား အေအိုင်နည်းပညာ များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ မိမိတို့သိရှိလိုသမျှကို အနားတွင် ဆရာတစ်ဆူရှိနေ သကဲ့သို့ နေ့ညအချိန်အခါမရွေး အားမနာတမ်းမေးနိုင်သည့် အေအိုင်နည်းပညာကို တောင်သူလယ်သမားတိုင်း ရင်းနှီး ကျွမ်းဝင်နေကြဖို့လိုသည်။ တောင်သူတို့ အေအိုင်ကို ကျွမ်းကျွမ်း ကျင်ကျင် နေရာကျစွာ သုံးစွဲနိုင်ကြသည်နှင့်အမျှ စိုက်သမျှ အထွက်တိုးကာ အကျိုးစီးပွားကြီးမားစွာ ဖြစ်ထွန်းနိုင်ကြပါမည့် အကြောင်း။ ။

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဇွန် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၁-၆-၂၀၂၅ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၂၅) တွင်** လူတို့၏သစ်ပင်များကို စည်းကမ်းမဲ့ ခုတ်ထွင်မှုကြောင့် သဘာဝ တောတောင်များ ပျက်စီးရကြောင်းကို သရုပ်ဖော်ထားသည့် "ဖိုးချိုသိလိုက်သော အသိ" မျက်နှာဖုံးကာတွန်း၊ ကလေးများ အနေဖြင့် Vape နှင့် E-cigarette သောက်သုံးခြင်းဖြင့် ဖြစ်ပေါ်လာ နိုင်သည့် ဆိုးကျိုးများကိုသိရှိကာ ရှောင်ကြဉ်သင့်ကြောင်း ပညာပေး ရေးသားထားသည့် "Vape သို့မဟုတ် E-cigarette အကြောင်း သိကောင်းစရာ" သုတ ဆောင်းပါး၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်း ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ မိမိအတွက် အန္တရာယ်မကင်းသောအလုပ်ကို လုပ်ကိုင်မိ၍ အသက်ဘေးနှင့် ကြုံတွေ့ခဲ့ရသော မျောက် အကြောင်းကို သရုပ်ဖော်ထား သည့် "မျောက်နှင့် ပိုက်ကွန်" နှစ်မျက်နှာ ကာတွန်း၊ နံရံကပ် စာစောင်ပြိုင်ပွဲတွင် တစ်ကိုယ် ကောင်းစိတ်မထားဘဲ အခြား သူများ၏လက်ရာများကို မျှမျှ တတထည့်သွင်းကာ ဖော်ပြပေး ခဲ့၍ ပထမဆုရခဲ့သော မြတ်ဝေတို့ အဖွဲ့ အကြောင်းကို ရေးသားထား သည့် "ပထမဆုရသော နံရံကပ် စာစောင်" ဝတ္ထုကဏ္ဍ၊ ကြက်သား ဟင်းကို ညီအစ်ကိုသုံးယောက် မျှမျှတတ ခွဲဝေမစားဘဲ တစ်ကိုယ်ကောင်းဆန်ကာ မိမိ တို့သာ ပိုစားလိုသော အစ်ကို နှစ်ယောက်၏ ကောက်ကျစ်မှု ကြောင့် ကြက်သားဟင်းမစား လိုက်ရသော ညီအစ်ကိုနှစ်ယောက်




အကြောင်းကို ရေးသားထားသည့် "အကောင်းဆုံး အိပ်မက်" ပုံပြင် ကဏ္ဍ၊ ကလေးငယ်၏ ဉာဏ် ကောင်းမှုကြောင့် အကြံအိုက် သွားရသော ဖြိုးရဲအကြောင်းကို သရုပ်ဖော်ထားသည့် "ဖြိုးရဲ - ကူညီမယ်" နှစ်မျက်နှာကာတွန်း၊ အီဒီယမ်အသုံးများ အပါအဝင် Two-word Verb ဟု ခေါ်သော Phrasal Verb များ၏ အသုံးများ နှင့် ပတ်သက်သည့် အင်္ဂလိပ် စကားပြောများကို ရေးသား ထားသော "အခြေခံလိုအပ်သည့် အီဒီယမ်" အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍ တို့ အပါအဝင် ကဏ္ဍစုံစုံလင်လင် ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင် လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေ ဗိမာန် စာအုပ်အရောင်းဆိုင်များ တွင် ဝယ်ယူနိုင်ကြောင်း သိရ သည်။ **သတင်းစဉ်**

## ၂၀ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၂၀**

ယနေ့ည ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁ - ၆ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၀၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၁၄၅ | ၃၁၀၀ | ၃၀၄၅ | ၃၁၅၀ | ၃၀၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၁၅ |
| HSD (50 ppm) | ၃၀၀၀ | ၃၂၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၀၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၀၉၀ | ၃၀၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၅၅ | ၃၅၁၅ |
| HSD (10 ppm) | ၃၀၀၀ | ၃၂၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၀၇၀ | - | ၃၄၆၅ | ၃၀၉၀ | ၃၀၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၅၅ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၈၀ |
| 95 Ron | ၂၈၆၁ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၁၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မိုမိုအေးနှင့် နွဲ့မွှန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း (၉) ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲသို့ တက်ရောက်

## မြန်မာ့ထုတ်ကုန်များကို ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေး တရုတ်-တောင်အာရှ ကုန်စည်ပြပွဲပလက်ဖောင်းကို ထိထိရောက်ရောက်အသုံးချ

**နေပြည်တော် ဇွန် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ်အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပပြုလုပ်သော(၉)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲသို့ တက်ရောက်ရန် ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ကူမင်းမြို့သို့ ဒေသစံတော်ချိန် ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိရာ ကူမင်းမြို့ ချန်းရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yang Yalin နှင့် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်တို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ခေတ္တတည်းခိုမည့် Green Lake Hotel သို့ လိုက်ပါပို့ဆောင်ခဲ့သည်။




### လှည့်လည်ကြည့်ရှု

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ တီယန်ချီ အပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းစင်တာ (Dian Chi International Exhibition and Convention Center) ၌ ကျင်းပပြုလုပ်သော(၉)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်းပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိပြီး လျှပ်စစ် မော်တော်ယာဉ်များဖြင့် ကုန်စည် ပြခန်းဆောင်များအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Dongming နှင့် အာဖဂန်နစ္စတန်နိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အကြီးအကဲများနှင့်အတူ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တီယန်ချီအပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းစင်တာ (Dian Chi International Exhibition and Convention Center) ခန်းမဆောင် ၇ ညှော့ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Dongming နှင့် တွေ့ဆုံပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံမှဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအတွက် ကူညီပေးရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာ့ပြခန်းဆောင်၌ ခင်းကျင်းပြသထားသော မြန်မာ့ထုတ်ကုန် ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးကာ (အပေါ်ပုံ) ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မြန်မာ့ထုတ်ကုန်များကို ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ပလက်ဖောင်း (Platform)ကို ထိထိရောက်ရောက် အသုံးချရန် မှာကြားသည်။

ခရီးစဉ်အတွင်း ဇွန် ၁၈ ရက် နံနက်ပိုင်းက မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ္တတည်းခိုသည့် Green Lake Hotel ၌ Union Resources and Engineering Co.,Ltd အား လက်ခံတွေ့ဆုံခဲ့သည်။

မွန်းလွဲပိုင်းတွင် Yunnan Energy Investment Group နှင့် State Power Investment Yunnan International Co.,Ltd များသို့ သွားရောက်လေ့လာခဲ့ပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများကို ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ Hai Geng Garden Hotel ၌ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီအတွင်းရေးမှူး Mr. Wang Ning နှင့်တွေ့ဆုံပြီး အနာဂတ်တွင် မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့ကို ဆွေးနွေးကြပြီး ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ ကော်မတီအတွင်းရေးမှူး Mr. Wang Ning က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၀ ရက် ဒေသစံတော်ချိန် ၁ နာရီ ၁၀ မိနစ်တွင် ကူမင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yang Yalin နှင့် ကူမင်းမြို့ မြန်မာ ကောင်စစ်ဝန်ချုပ်တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ နိုင်ငံရေးဆိုင်ရာ သံမှူးကြီး Mr. Jia Junjie နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### ပြခန်းပေါင်း ၄၈၀၀ ခင်းကျင်းပြသ

(၉) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉) ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် ကမ္ဘာ့နိုင်ငံ ၅၃ နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များက ၎င်းတို့၏ ထုတ်ကုန်များကို ပြခန်းဆောင် ၁၃ ခု၌ ပြခန်းပေါင်း ၄၈၀၀ ခင်းကျင်းပြသထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၀

**(၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဥယျာဉ်တော်အတွင်း ရေပန်းရင်ပြင်၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် သံရုံးတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယောဂလေ့ကျင့်ခန်းကို စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယနိုင်ငံ ဆက်ဆံရေးရုံး၊ ဆက်ဆံရေးအရာရှိနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Shri Abhay Thakur တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ (၁၀)ကြိမ်မြောက် ယောဂနေ့လေ့ကျင့်ခန်းပြုလုပ်ခြင်းအစီအစဉ်ကို မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ရေပန်းရင်ပြင်၌ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့သည် (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် ယောဂလေ့ကျင့်ခန်းကို ဒုတိယအကြိမ်အဖြစ် ကျင်းပဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ယနေ့ဆိုလျှင် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂလေ့ကျင့်ခန်းကို ဘုရားကြီး၏ အေးချမ်းသောမေတ္တာရိပ်အရိပ်အာဝါသအောက်တွင် ပြီးပြည့်စုံစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

Yoga ၏ ဆောင်ပုဒ်ဖြစ်သည့် “Yoga for Hormony & Peace” အဆိုအရ ကျန်းမာရေးညီညွတ်မျှတခြင်း၊ တည်ငြိမ်အေးချမ်းမှုရရှိခြင်းဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ယောဂလေ့ကျင့်ခန်းသည် သေချာလေ့ကျင့်ပါက အသက်အရွယ်မရွေး ကျန်းမာရေးနှင့် ညီညွတ်သည့် နိုင်ငံတကာအသိအမှတ်ပြုသည့် လေ့ကျင့်ခန်းဖြစ်ပါကြောင်း၊ ပုံမှန်အလေးထား လိုက်နာဆောင်ရွက်မည်ဆိုပါက အသက်ရှည်ကျန်းမာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ရရှိနေနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ယောဂသမိုင်းနှင့်ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကိုပြသပြီး မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်၌ အိန္ဒိယနိုင်ငံသံရုံးမှ အိန္ဒိယယဉ်ကျေးမှု ယောဂနည်းပြဆရာမနှင့် တက်ရောက်လာကြသူများက ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းကို ဆောင်ရွက်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အိန္ဒိယနိုင်ငံသံအမတ်ကြီးက ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ကြကာ (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ်နှင့် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်း အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို အတူတကွ စိုက်ပျိုးကြသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပသော (၂၁)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (AMMSTI-21) သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဇွန် ၂၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၁)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (ASEAN Ministerial Meeting of Science, Technology and Innovation–21, AMMSTI)သို့ တက်ရောက်ရန် ဇွန် ၁၈ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိခဲ့သည်။




ဇွန် ၁၉ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ASEAN ဒေသတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးများကို ကြိုဆိုဂုဏ်ပြုသည့် ညစာစားပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တက်ရောက်ခဲ့သည်။

ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် (၂၁) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (AMMSTI–21)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**ပူးပေါင်းဆောင်ရွက်ရေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၂၁)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (AMMSTI–21)သို့တက်ရောက်ပြီး အာဆီယံဒေသတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စီမံကိန်း ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးအတည်ပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက “Empowering ASEAN's Science, Technology and Innovation Ecosystem: National Commitments for Reginal Impact through APASTI 2026–2035” ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

**ကဏ္ဍအလိုက်ဆွေးနွေး**

ထို့နောက် မြန်မာကိုယ်စားလှယ်များဖြစ်ကြသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဖြူဖြူဝင်းတို့သည် (၈၇)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ကြပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

* *ရှေ့ဖုံးမှ*

အဆိုပါလူနာသည် ကျန်းမာရေးကောင်းမွန်ပြီး ခွဲစိတ်ကုသထားသည့် လက်၏ သွေးလည်ပတ်မှုကောင်းမွန်သဖြင့် ဇွန် ၁၁ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီး ဇွန် ၁၆ ရက် ရက်ချိန်းပြန်လည်ပြသရာ၌လည်း လက်အခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါခွဲစိတ်ကုသမှုကို လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသမှုပါရဂူဘွဲ့ (ဒုတိယနှစ်) သင်တန်းသား အထူးကုဆရာဝန်များဖြစ်သော ဒေါက်တာရဲနိုင်ဦးနှင့် ဒေါက်တာအောင်လှိုင်ဖုန်း၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူဘွဲ့ (တတိယနှစ်) သင်တန်းသူ ဒေါက်တာခိုင်မေဦး၊ လက်ထောက်ဆရာဝန်(အရိုး) ဒေါက်တာရာဇာအောင်စောဝင်း၊ ဆေးပညာမဟာသိပ္ပံ(ဒုတိယနှစ်) ဘွဲ့လွန်သင်တန်းသား ဒေါက်တာ စိုင်းသီဟတို့ပါဝင်သော လက်ပိုင်းဆိုင်ရာ ခွဲစိတ်မှုဆရာဝန်များအဖွဲ့၊ လက်ထောက်ဆရာဝန် (မေ့ဆေး) ဒေါက်တာဒေလီယာစိုးဝင်းနှင့် မေ့ဆေးဆရာဝန်များအဖွဲ့၊ သူနာပြုဆရာမကြီး ဒေါ်မို့မို့အောင် ဦးဆောင်သည့် သူနာပြုများအဖွဲ့နှင့် ဆက်စပ်ဌာနများဖြစ်သည့် ဓာတ်ခွဲ၊ ဓာတ်မှန် ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်တွင် လက်ဖျံ ပြန်ဆက်သည့် ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သူ တစ်ဦး၊ ၂၀၂၃ ခုနှစ်တွင် လက်မောင်းပြန်ဆက်သည့် ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သူ တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် လက်မပြန်ဆက်သည့် ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သူ တစ်ဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်အထိ လက်ဖဝါး ပြန်ဆက်သည့် ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သူ တစ်ဦးတို့ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ လက်ပြတ်တောက်သွားသည့် လူနာကဲ့သို့ ပြတ်တောက်သွားသောလက်ကို ခွဲစိတ်ကုသမှုဆောင်ရွက်ရန်အတွက် ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းပေးပို့မည်ဆိုပါက ပြတ်တောက်သွားသောလက်ကို ရေသန့်သန့် သို့မဟုတ် အကြောဆေးရည် (Normal Saline or Ringer Lactate) ဖြင့်ဆေးပြီး အကြောဆေးရည်ဖြင့် စိုစွတ်အောင်စိမ်ထားသော ခွဲစိတ်ခန်းသုံး အဝတ်စ (Gauze)ဖြင့်ပတ်၍ သန့်ရှင်းသော ပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍လည်းကောင်း၊ အကြောဆေးရည်ထည့်ထားသော သန့်ရှင်းသည့် ပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍လည်းကောင်း လုံခြုံစွာပိတ်ပြီး ရေခဲထည့်ထားသော ရေခဲပုံးအတွင်းထည့်၍ အမြန်ဆုံးလွှဲပြောင်းပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



လူနာ၏ ဘယ်ဘက်လက်ဖဝါး ပြတ်တောက်သွားသည့် အခြေအနေ။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်ကိစ္စရပ်များဆွေးနွေး



**နေပြည်တော်  ဇွန်  ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ





**နေပြည်တော် ဇွန် ၂၀**

၂၀၂၅ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် လယ်ဝေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းမြေနေရာ၌ ကျင်းပသည်။

ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နေပြည်တော် ကောင်စီနယ်မြေအတွင်း သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်နှင့် ယနေ့စိုက်ပျိုးသည့် သစ်ပင်ပန်းပင်များ စဉ်ဆက်မပြတ် ရှင်သန်ကြီးထွားလာရေး ရေရှည်တည်တံ့ခိုင်မြဲစွာရှင်သန်စေရေး ဝိုင်းဝန်းစောင့်ရှောက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဦးဆောင်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၅ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း ၂၅၆ ပင်၊ ပျဉ်းကတိုးပင် ၂၀၀၊ သရက် ၉၄ ပင်၊ ပိန္နဲ ၈၁ ပင်၊ ကွဲကော ၁၄၄ ပင်၊ ချယ်ရီ ၁၄၅ ပင်၊ စိန်ပန်းပြာ ၁၄၅ ပင် စုစုပေါင်း ၁၀၆၅ ပင်ကို စိုက်ပျိုးကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ရုံး၊ ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များအား တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၃၆၅၁၇ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမြင့်တက်သော်လည်း ပြီးခဲ့သည့်နှစ်ဆန်းပိုင်းက ဖြစ်ပေါ်ခဲ့သောဈေးနှုန်းများထက် သက်သာလျော့နည်း ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ဝင်ရောက်လျက်ရှိ





**နေပြည်တော်  ဇွန်  ၂၀**

ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်မှုကြောင့် အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်း မြင့်တက်ခြင်းနှင့်အတူ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသော်လည်း ပြီးခဲ့သည့်နှစ်ဆန်းပိုင်း ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများထက် တစ်လီတာလျှင် ကျပ် ၁၀၀ မှ ကျပ် ၁၅၀ ခန့်အထိ သက်သာ လျော့နည်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကြိုတင်မှာယူထားသည့်အစီအစဉ်အတိုင်း ပြည်ပမှ စက်သုံးဆီတင် သင်္ဘောများလည်း အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး အရန်ဆီများလည်း နှစ်ပတ်စာခန့်ရှိနေ၍ ပြည်တွင်း စက်သုံးဆီဖူလုံမှုရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးတွင် အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

**မန္တလေး  ဇွန်  ၂၀**

မန္တလေးတိုင်းဒေသကြီး အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဆွေက အမှာစကား ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရွှေစင်ရီက တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရန် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ စက်သုံးဆီလုပ်ငန်းများကို အခွန်ပညာပေးရှင်းလင်းဆွေးနွေးခဲ့ရာ ကုမ္ပဏီ လုပ်ငန်းရှင် စုစုပေါင်း ၅၄ ဦး တက်ရောက်ကြောင်းနှင့် အခွန်ဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

(ညည)



# မငြိမ်းချမ်းတော့သည့်ကမ္ဘာကြီးနှင့် ကိုယ့်နိုင်ငံ ကိုယ်တိုင်ဖျက်နေကြသူများ

**စစ်ကို တားနေတဲ့ကြားထဲကပဲ စစ်ပွဲတွေ ဖြစ်ပြန်တယ်။ နိုင်ငံတကာ ဆွေးနွေးပွဲတွေနဲ့ အဖြေရှာနေတဲ့ကြားက အီရန်- အစ္စရေးစစ် ထပ်ဖြစ်ရတယ်။ အီရန်နဲ့အစ္စရေးဆိုတာ အရှေ့အလယ်ပိုင်းက ထာဝရရန်သူတွေ။ ရုရှား- ယူကရိန်း ပဋိပက္ခကြည့်ပြန်တော့ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပဖို့ တစ်ရက်အလိုကျမှ ယူကရိန်းက ရုရှားကို ဝင်တိုက်ခဲ့တဲ့အတွက် ရုရှား- ယူကရိန်း ပဋိပက္ခကလည်း ပြီးဆုံးဖွယ်မမြင်။**

မိုးမြင့်

ငြိမ်းချမ်းရေးရဖို့ ဘယ်လောက်ခက်ခဲကြောင်း ပြနေကြတာ။ ပညာနဲ့မဖြေရှင်းဘဲ လက်နက်နဲ့ ဖြေရှင်းနေကြသရွေ့ စစ်ဝဲသြဃအတွင်းမှာ ကမ္ဘာကြီး လွတ်လမ်းမမြင်။ ယခု တစ်ကြိမ် အီရန်- အစ္စရေး စစ်ပွဲကတစ်ဆင့် တတိယကမ္ဘာစစ်ဆီ ဦးတည်နေပြီလား၊ လူသားတွေရဲ့ စိုးရိမ်မှုကို ဥပေက္ခာပြုတဲ့ ဘေးတီးဖန်တီးမှုတွေကလည်း ရှိနေပြန်ဆိုတော့ ကံကောင်းတယ်ပဲ ပြောရမလား၊ အတုယူစရာ ဖြစ်ခဲ့တယ် ပြောရမလား၊ ကျွန်တော်တို့ အရှေ့တောင်အာရှနဲ့ တောင်အာရှက ခေါင်းဆောင်တွေကြားမှာ ပညာနဲ့ဖြေရှင်းနိုင်ခဲ့တဲ့အတွက် ဖြစ်နေတဲ့ စစ်ပွဲ၊ ဖြစ်ခါနီးစစ်ပွဲနှစ်ခုဟာ နာရီပိုင်း ရက်ပိုင်းအတွင်း ပြီးစီးခဲ့ပြီး ပြည်သူတွေကို စိတ်အေးစေခဲ့ခြင်းဟာ ပညာနဲ့ လက်နက်အရာမှာ ပညာကို အားကိုးခဲ့ကြလို့ဆိုတဲ့ သင်ခန်းစာတစ်ခုကို ရခဲ့တယ်။ သို့သော်လည်း.. ယနေ့ကမ္ဘာကြီး အခြေအနေက ဘယ်လိုမှ အားရှိစရာမရှိ။

> ❑ **တချို့စစ်ပွဲတွေဟာ လက်နက်ငွေကြေးပံ့အောထောက်ပံ့သူတွေရဲ့အလိုဆန္ဒအရ ဖြစ်ကြရတယ်ဆိုတဲ့အချက်ဟာ ယနေ့ယူကရိန်းနဲ့ အစ္စရေးကို ထောက်ပံ့နေတဲ့ အနောက်အုပ်စုနဲ့ အမေရိကန်ကို ပြောနေတာပဲ။ သူတို့ဟာ သူတို့အကျိုးစီးပွား အတွက် ဒေသတွင်းမှာ စစ်ပွဲတွေပုံဖော်နေကြခြင်းဖြစ်တယ်။ စစ်ပွဲမဟုတ်တဲ့ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာ ICE ဆန့်ကျင်ရေး အကြမ်းဖက်ဆန္ဒပြပွဲများမှာတောင် ငွေကြေးထောက်ပံ့တယ်လို့ စွပ်စွဲချက်နဲ့ ဂျော့ဆိုးရော့ဇ်ကြီး တစ်ယောက် ကွန်ဂရက်ရှေ့မှောက်အစစ်ခံရမယ့် အခြေအနေကို ရင်ဆိုင်နေရတာကြည့်ရင် သိနိုင်ပါတယ်**

## စစ်လိုလားနေသူတွေကြောင့်သာ

ဇွန်လ ၁၃ ရက်နေ့ကစခဲ့တဲ့ အီရန်-အစ္စရေး စစ်ပွဲကိုပဲကြည့်ပါ။ အတိတ်က မိတ်ဆွေတွေဖြစ်ခဲ့ပြီးမှ အမြဲတမ်းရန်သူတော်တွေဖြစ်သွားရတဲ့ အီရန်-အစ္စရေးနှစ်နိုင်ငံအကြား လေကြောင်းတိုက်ပွဲတွေနဲ့ အဆုံးအဖြတ်လည်း မပေးနိုင်သေး၊ ငြိမ်းချမ်းရေးလည်းမရ၊ ပြင်းထန်တဲ့ နာတာရှည်ရောဂါကြီး ဖြစ်နေတာ အတော်ကြာခဲ့ပါပြီ။ ယခုနောက်ဆုံး စစ်ပွဲက အီရန်မှာ နျူကလီးယားလက်နက်ပိုင်ဆိုင်သွားမှာ အစ္စရေးနဲ့ အမေရိကန်က ကြောက်လန့်လို့၊ ပါရှန်းအင်ပါယာကြီးကို ဖြိုခွဲလိုတဲ့ အစ္စရေးနဲ့ အမေရိကန်တို့ကြောင့်၊ ဖြစ်နိုင်ဖွယ် အခြားအခြားသော အကြောင်းကြောင်းတွေကြောင့် အီရန်ကို အစ္စရေးက စတင်တိုက်ခိုက်ရာက ဖြစ်ပွားနေတဲ့စစ်ပွဲပါပဲ။ ဒီအယူအဆတွေကို ထင်ဟပ်စေတဲ့ တချို့နိုင်ငံရေးသမားတွေရဲ့ အပြုအမူတွေ၊ ပြောစကားတွေအရဆိုရင် ကမ္ဘာပေါ်မှာ တချို့ခေါင်းဆောင်တွေဟာ စစ်ကိုအတော်ကြိုက်ပုံရတယ်။ စစ်မီးဟုန်းဟုန်းတောက်သွားရမယ်ဆိုတဲ့ အပြန်အလှန် ခြိမ်းခြောက်စကားတွေ၊ ဆေးရုံမရှောင်၊ ကလေးလူကြီးမရှောင် ပစ်ခတ်သတ်ဖြတ်နေတဲ့ အနိဋ္ဌာရုံတွေကို အလွန်နှစ်သက်သူတွေရှိနေကြသလို သူတို့ကို ထောက်ပံ့သူတွေကလည်း ပျော်ပျော်ကြီး ထောက်ပံ့နေကြဆဲပဲ။

တချို့စစ်ပွဲတွေဟာ လက်နက်ငွေကြေးပံ့အောထောက်ပံ့သူတွေရဲ့အလိုဆန္ဒအရ ဖြစ်ကြရတယ်ဆိုတဲ့အချက်ဟာ ယနေ့ယူကရိန်းနဲ့ အစ္စရေးကို ထောက်ပံ့နေတဲ့ အနောက်အုပ်စုနဲ့ အမေရိကန်ကို ပြောနေတာပဲ။ သူတို့ဟာသူတို့အကျိုးစီးပွားအတွက် ဒေသတွင်းမှာ စစ်ပွဲတွေပုံဖော်နေကြခြင်းဖြစ်တယ်။ စစ်ပွဲမဟုတ်တဲ့ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် မြို့မှာ ICE ဆန့်ကျင်ရေး အကြမ်းဖက်ဆန္ဒပြပွဲများမှာတောင် ငွေကြေးထောက်ပံ့တယ်လို့ စွပ်စွဲချက်နဲ့ ဂျော့ဆိုးရော့ဇ်ကြီးတစ်ယောက် ကွန်ဂရက်ရှေ့မှောက်အစစ်ခံရမယ့် အခြေအနေကို ရင်ဆိုင်နေရတာကြည့်ရင် သိနိုင်ပါတယ်။

အစ္စရေးနဲ့ ပတ်သက်တဲ့ ကမ္ဘာ့အရေးအခင်းတွေမှာ အမေရိကန်က အစ္စရေးလုပ်သမျှ ကြီးကြီးကျယ်ကျယ် ဘာမှတားဆီးခဲ့တာမရှိဘူး။ အမြဲလိုလို အမေရိကန်က အစ္စရေးဘက်က အမြဲရပ်တည်ပေးပြီး အီရန်ကို တစ်ဖက်သတ် ဒဏ်ခတ်ပိတ်ဆို့ထားတာ ကြာပါပြီ။ ယခုလည်း အမေရိကန်နဲ့ အင်္ဂလန်တို့ လုပ်ရပ်က ရန်ဘက်တွေအကြား စစ်ကိုတားဆီးဖို့၊ စစ်ကို ရပ်တန့်ဖို့ အသင့်မဖြစ်တဲ့အပြင် မီးလောင်ရာလေပင့်သလို အပြုအမူတွေသာ ပြုလုပ်နေကြတယ်။ ဒီလိုပရမ်းပတာအခြေအနေမှာ ကမ္ဘာ့ပြည်သူတွေရဲ့စိုးရိမ်စိတ်ကို ဘယ်နိုင်ငံ၊ ဘယ်ခေါင်းဆောင်တွေက များ လျှော့ချပေးနိုင်မလဲ။

> **❝ ဘယ်လိုအကြောင်းတရားတွေနဲ့ စစ်ကို စခဲ့ကြတာဖြစ်ပါစေ၊ အပြစ်မဲ့လူသားတွေကို သနား၍ ပျက်စီးသွားတဲ့ သယံဇာတအရင်းအမြစ်တွေကို ငဲ့ညှာပြီး စစ်ကို ရပ်သင့်ကြပါပြီ။ ဘယ်သူနိုင်နိုင် စစ်ဖြစ်တဲ့ တိုင်းပြည်၊ မြို့ရွာမှန်သမျှ ပျက်စီးရစမြဲပါ။ စစ်ရဲ့သက်ရောက်မှုက ကြာရှည်သွားရင် ကျယ်ပြန့်သွားတတ်တယ်။ သူ့ဘက်၊ ကိုယ့်ဘက်အားပေး သူတွေဝင်ပါခဲ့ရင် အခြေအနေ ပိုဆိုးသွားဖို့ပဲရှိတယ်။ စစ်ကို ရပ်တန့်ဖို့ မကြိုးစားဘဲ အားပေးအားမြှောက်ဆက်ပြုခြင်း၊ အပြန်အလှန်ခြိမ်းခြောက်နေခြင်းက ကမ္ဘာစစ်ကြီးအထိ ဖြစ်သွားနိုင်တယ်။ ဒီအဆင့်ထိ အရောက်ခံလို့ဖြစ်ပါ့မလား။ ဉာဏ်စွမ်း၊ ဝီရိယစွမ်း၊ ပညာစွမ်းအားကြီးကြီးနဲ့ ယနေ့ကမ္ဘာ့ခေါင်းဆောင်တွေ ဝိုင်းဝန်းအဖြေရှာ အားထုတ်သင့်ပါပြီ❞**

## အားလုံးက သူ့အကြောင်းတရားနဲ့သူ ပေါင်းစုံညီညွတ်၍သာ

ကမ္ဘာ့သူ ကမ္ဘာ့သားအားလုံးက ဘယ်နေရာက၊ ဘယ်စစ်ပွဲမှ မမြင်လို မကြားလိုတော့ပါ။ စစ်ဖြစ်ရင်ကြားက မြေစာပင်ဟာ ပြည်သူတွေပဲဖြစ်တယ်။ စစ်ကိုရပ်ဖို့က၊ အဓိကကျသူက နှစ်ဖက်စစ်ထဲပါနေသူတွေပါပဲ။ နှစ်ဦးစလုံး ရပ်ကြမှ စစ်ကငြိမ်းပါမယ်။ နှစ်ဖက်မှာ တစ်ဖက်ဖက်က ရပ်လိုတဲ့ဆန္ဒမရှိလည်း စစ်ကမပြီးပါဘူး။ နှစ်ဖက်စလုံး ရပ်ချင်ပေမယ့် ဘေးက မြှောက်ပေးနေသူတွေကိုယ်တိုင် စစ်ကို ဆွဲဆန့်စေချင်လည်း စစ်က မပြီးပါဘူး။ တစ်ဖက်ဖက်စီ လက်နက်ငွေကြေး ပံ့ပိုးနေတဲ့နိုင်ငံတွေရဲ့ အခန်းကဏ္ဍက ပိုလို့တောင် အရေးကြီးပါတယ်။ တစ်ခါတစ်ရံ စစ်ပွဲနွှဲနေတဲ့ ကာယကံရှင်နိုင်ငံရဲ့ အကျိုးစီးပွားထက် ဘေးကအားပေးထောက်ကူတဲ့နိုင်ငံရဲ့ အကျိုးစီးပွားက ပိုအရေးကြီးသွားတဲ့အခါ ဒီစစ်ပွဲက ဘယ်တော့မှ ပြီးဆုံးဖွယ်ရာ လမ်းမမြင်ပါ။ သူတို့ကြောင့်ပဲ ပဋိပက္ခတွေ စစ်ပွဲတွေဟာ တာရှည်သွားရတယ်။ ဥပမာ ယူကရိန်းစစ်အတွက် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့မှာ နှစ်ဖက်ငြိမ်းချမ်းရေးစကားပြောမယ့်နေ့ မတိုင်ခင်တစ်ရက်မှာမှ ယူကရိန်းက ရုရှားနိုင်ငံ အတွင်းပိုင်းထဲအထိဝင်ပြီး မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်တွေနဲ့ တိုက်လေယာဉ်တွေကို အလစ်အငိုက်ဝင်တိုက်ခဲ့တဲ့အတွက် ပျက်စီးခဲ့ရတဲ့ စစ်ရပ်စဲရေး မျှော်လင့်ချက် ဘယ်သူ့ကြောင့်လို့ ထင်ပါသလဲ။ စစ်ကိုမရပ်စေချင်တဲ့ အင်္ဂလန်နဲ့ NATO တို့ရဲ့ ဆန္ဒပြည့်ဝခဲ့ပြီး စစ်ရပ်စဲချင်နေတဲ့ ရုရှားနဲ့ ထရမ့်တို့ရဲ့ အိပ်မက်ပျက်သွားခဲ့ရခြင်း နောက်ကွယ်မှာ ဘယ်လိုအကြောင်းတရားတွေ ရှိခဲ့ပါသလဲ။

ရုရှားနိုင်ငံတော်ကြီး ပျက်သုဉ်းချည့်နဲ့စေရေး အကြောင်းတရားတစ်ခုနဲ့ စတင်ခဲ့တဲ့ ယူကရိန်းစစ်ပွဲ၊ ရုရှားနိုင်ငံကြီး ဆက်လက်အင်အားယုတ်လျော့အောင်၊ ရုရှားနဲ့ယူကရိန်းတို့ ငြိမ်းချမ်းရေးဘယ်တော့မှ မရအောင်၊ ယခုဖြစ်လာနေတဲ့ အရှေ့အလယ်ပိုင်း အရေးအခင်းဘက် ရုရှားလှည့်မကြည့်နိုင်အောင် တစ်နည်း ရုရှားက မဟာမိတ်အီရန်ဘက် မကူညီနိုင်အောင်၊ အီရန်ကို အစ္စရေးက စိတ်တိုင်းကျလုပ်နိုင်အောင် ကြိုတင်စီမံထားတဲ့ ဖန်တီးမှုများပဲလား။ မတွေးလို့မရတဲ့ အခြေအနေတွေရှိနေပါတယ်။

ထိုနည်းတူ အစ္စရေးကရော အီရန်ကို နျူကလီးယားစွပ်စွဲ တစ်ခုတည်းကြောင့်ပါ၊ အီရန်က အကြမ်းဖက်တွေကို အားပေးနေတယ်ဆိုတဲ့ အကြောင်းပြချက်တွေအပြင် အခြားသော အကြောင်းတရားတွေ ရှိနေနိုင်ပါသေးသလား စသည်ဖြင့် ဒီထက်ပိုနိုင်တာတွေလည်း ရှိနိုင်ပါတယ်။ မကြာသေးခင်က တရုတ်နိုင်ငံရဲ့ ကမ္ဘာ့ပတ်ပိုးလမ်းမစီမံကိန်းကြီး အီရန်နဲ့ ချိတ်ဆက်မိသွားတဲ့ အခြေအနေကပဲ ဒီစီမံကိန်းကို ဖျက်လိုတဲ့ အမေရိကန်က စစ်ကို ဖန်တီးပေးလိုက်သလို ဖြစ်သွားသလား တွေးဆစရာပါ။

## စစ်မှန်သမျှ ရပ်သင့်ပါပြီ

ဘယ်လိုအကြောင်းတရားတွေနဲ့ စစ်ကို စခဲ့ကြတာဖြစ်ပါစေ၊ အပြစ်မဲ့လူသားတွေကို သနား၍ ပျက်စီးသွားတဲ့ သယံဇာတအရင်းအမြစ်တွေကို ငဲ့ညှာပြီး စစ်ကို ရပ်သင့်ကြပါပြီ။ ဘယ်သူနိုင်နိုင် စစ်ဖြစ်တဲ့ တိုင်းပြည်၊ မြို့ရွာမှန်သမျှ ပျက်စီးရစမြဲပါ။ စစ်ရဲ့သက်ရောက်မှုက ကြာရှည်သွားရင် ကျယ်ပြန့်သွားတတ်တယ်။ သူ့ဘက်၊ ကိုယ့်ဘက်အားပေး သူတွေဝင်ပါခဲ့ရင် အခြေအနေ ပိုဆိုးသွားဖို့ပဲရှိတယ်။ စစ်ကို ရပ်တန့်ဖို့ မကြိုးစားဘဲ အားပေးအားမြှောက်ဆက်ပြုခြင်း၊ အပြန်အလှန်ခြိမ်းခြောက်နေခြင်းက ကမ္ဘာစစ်ကြီးအထိ ဖြစ်သွားနိုင်တယ်။ ဒီအဆင့်ထိ အရောက်ခံလို့ဖြစ်ပါ့မလား။ ဉာဏ်စွမ်း ၊ ဝီရိယစွမ်း၊ ပညာစွမ်းအားကြီးကြီးနဲ့ ယနေ့ကမ္ဘာ့ခေါင်းဆောင်တွေ ဝိုင်းဝန်းအဖြေရှာ အားထုတ်သင့်ပါပြီ။

ဘယ်လို ပဋိပက္ခပဲဖြစ်ဖြစ် နိုင်ငံရေးနဲ့ သံတမန်နည်းလမ်းတွေကသာ အဓိကဖြစ်ပါတယ်။ နိုင်ငံတွေအနေနဲ့လည်း မိမိနဲ့အလွမ်းသင့်ရာ မိတ်ဖက်အပေါ်မှာ အလွန်အကျွံ မြှောက်မပေးသင့်ပါ။ လက်ရှိပဋိပက္ခကို တိုးချဲ့ဖို့ကြိုးစားသူဟာ ကျွန်တော်တို့ အမြင်အရတော့ ဒီအချိန်မှာ တကယ်အရူးအမိုက်တစ်ယောက်သာပါပဲ။ အပြုသဘောဆောင်ပြီး မျှမျှတတ ရှိတဲ့ အနေအထားကသာ ရပ်တည်သင့်ပါတယ်။ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပါဝင်သူတွေအနေနဲ့ လူသားချင်းစာနာစိတ်နဲ့ နိုင်ငံတကာပြည်သူတွေရဲ့ စိုးရိမ်မှုကို ထည့်သွင်းစဉ်းစားပြီး အဖြေရှာသင့်ပါတယ်။

ဒါ့အပြင် စဉ်းစားရမှာက ယနေ့စစ်ပွဲတွေကို ဖန်တီးသူတွေက ဘာကိုထားခဲ့လို့၊ ဘာတွေ ယူသွားကြမှာလဲ။ သေချာတာကတော့ သားစဉ်မြေးဆက် အငြိုးအတေးတွေ၊ အာဃာတတွေပဲ ကျန်ခဲ့တာပါ။ ဘာကောင်းတဲ့အရာတွေကို ထားခဲ့နိုင်လို့ပါလဲ၊ လက်ရှိဖြစ်ပျက်နေတဲ့ စစ်ပွဲအခြေအနေတွေအရ ဘယ်ဘက်မှာ အကျိုးကျေးဇူးတွေ ပိုဖြစ်ထွန်းနေလို့လဲ၊ နှစ်ဖက်ပျက်စီးတာပဲရှိတယ်၊ တင်းမာမှုတွေ ပိုတိုးလာတာပဲ ရှိပါတယ်။ ယခု အီရန်-အစ္စရေးစစ်မှာပင် နျူကလီးယားဆွေးနွေးပွဲလည်း ပျက်သွားခဲ့ရပြီ။ ဒေသတွင်းပဋိပက္ခ အသွင်ပြောင်းလာပြီး ကမ္ဘာ့စွမ်းအင်လောင်စာဈေးတွေ မြင့်တက်သွားနိုင်တဲ့ အန္တရာယ်တွေသာ များလာနေတယ်။

## ဘာတွေသင်ခန်းစာယူကြမလဲ

အီရန်-အစ္စရေးစစ်ကနေ အဓိက ဘာသင်ခန်းစာရသလဲဆိုရင် သတိထားမိတဲ့ အချက်က မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာ ချိုးဖောက်မခံရစေဖို့အတွက် မိမိတို့ရဲ့စစ်ရေး၊ *စာမျက်နှာ ၇ သို့*

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆/၂၀၂၅)

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီစတင်ချိန်မှာပင် ထင်မှတ်မထားသော အကြမ်းဖက်လုပ်ရပ်များကို ဝမ်းနည်းဖွယ် ကြားသိရပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းဘုရား (ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ခင်ပွန်းတို့ သတ်ဖြတ်ခံရခြင်း၊ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ အထက်တန်းပြဆရာမနှင့် ပညာရေးကောလိပ်တက်ရောက်မည့် ကျောင်းသူများအား အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ခြင်း၊ နတ်မောက်မြို့နယ် ကူနီကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မူလွန်)မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦး ဖမ်းဆီးသတ်ဖြတ်ခံရခြင်း၊ ဝက်ချုပ်ကျေးရွာတွင် အလယ်တန်းပြဆရာမတစ်ဦးနှင့် ၎င်း၏ခင်ပွန်းတို့ သတ်ဖြတ်ခံရခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များသည် အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်၊ လွတ်လပ်စွာပညာသင်ကြားခွင့်နှင့် တည်ငြိမ်အေးချမ်းမှုရရှိခံစားခွင့် စသည့် အခြေခံလူ့အခွင့်အရေးများကို ထိခိုက်စေပါသည်။

ငြိမ်းချမ်းစွာ ပညာသင်ယူခွင့် ရရှိခံစားနိုင်ရေးအတွက် အဓိကတာဝန်ယူဖော်ဆောင်ပေးနေသော ဆရာ ဆရာမများအပါအဝင် ကျောင်းသူ ကျောင်းသားများ၊ စာသင်ကျောင်းများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ရန်ရှာဖမ်းဆီးခြင်း၊ ခြိမ်းခြောက်နှောင့်ယှက်ခြင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေခြင်းတို့သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၃ ပါ အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်နှင့် အပိုဒ် ၂၆ ပါ ပညာသင်ယူခွင့် အခွင့်အရေးတို့ကို ချိုးဖောက်ခြင်းပင်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေအရ "နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားရရှိစေရေး" အလေးအနက်အသိအမှတ်ပြုကာ ပညာရေးနယ်ပယ်အတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသားလူငယ်များ အပါအဝင် ပါဝင်ဆောင်ရွက်လျက်ရှိသူအားလုံး ထိခိုက်နစ်နာမှုမရှိစေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။

ထို့ပြင် လမ်းတံတားများ၊ တာဝါတိုင်များ၊ လူနေအိမ်အဆောက်အဦများ၊ ဆေးရုံများ ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များသည်လည်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝကို ထိခိုက်နစ်နာစေပါသည်။ ထိုသို့သော အကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံနှင့်ပြည်သူအတွက် ကြီးမားသောဆုံးရှုံးမှုများ ဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အဆိုးရွားဆုံးခြိမ်းခြောက်မှု ဖြစ်ပါသည်။ မည်သည့်အကြမ်းဖက်လုပ်ရပ်မဆို ရာဇဝတ်မှုမြောက်၍ တရားမျှတမှုမရှိဟု ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုထားသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း၍ အကြမ်းဖက်လုပ်ရပ်များကို ကြိုးပမ်းတိုက်ဖျက် နှိမ်နင်းလျက်ရှိသည်ကို တွေ့မြင်သိရှိရပါသည်။

နိုင်ငံတစ်ဝန်း ငြိမ်းချမ်းစွာ ပညာသင်ယူခွင့်ရရှိစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်စေရန် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့မှာ မရှိမဖြစ် လိုအပ်ပါသည်။ တည်ငြိမ်အေးချမ်းပြီး တာဝန်ယူမှု တာဝန်ခံမှုရှိသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်ရေး၊ အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာသူများအတွက် ကုစားမှုပေးရေးနှင့် ပြန်လည်ထူထောင်ရေး၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးအရ ကွဲပြားခြားနားမှုများကို အလေးထားညှိနှိုင်းဆောင်ရွက်ရေးတို့ ပြုလုပ်သွားကြရန်နှင့် တရားဥပဒေစိုးမိုး၍ အကြမ်းဖက်မှုများ ပပျောက်စေရန် သက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် လူ့အခွင့်အရေးရှုထောင့်မှ အကြံပြုတိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

*စာမျက်နှာ ၆ မှ*

စီးပွားရေးအင်အားကို အခိုင်အမာ တည်ဆောက်ထားဖို့ လိုတယ်ဆိုတဲ့ အချက်ပါပဲ။ စီးပွားရေးပါဝါထက် လက်နက်ပါဝါကတောင် ရေတိုမှာ ပိုအရေးကြီးပါတယ်။ ရေရှည်စစ်မှာတော့ စီးပွားရေးအင်အား၊ လူအင်အားလည်း ကောင်းနေမှဖြစ်မယ်။ ပါဝါရှိမှ လေးစားမှာ ဖြစ်တဲ့အတွက်အင်အားကို တည်ဆောက်ရမယ်ဆိုတာ ယနေ့ကမ္ဘာ့စစ်ပွဲတွေက ပြသနေပါတယ်။

ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုလည်း အားကောင်းအောင် တည်ဆောက်ထားဖို့လိုကြောင်း တွေ့ရတယ်။ စိတ်ဓာတ်ဆိုတဲ့နေရာမှာ အချင်းချင်း သစ္စာရှိမှုနဲ့ မျိုးချစ်စိတ်ဓာတ်ကနေ ရေပက်မဝင်တဲ့ စည်းလုံးညီညွတ်မှုမျိုး ရှိနေဖို့လည်း အရေးကြီးပြန်တယ်။ ရန်သူကို သူနိုင်ကိုယ်နိုင် အပြိုင်ကြဲနိုင်ပေမယ့် ပြည်တွင်းမှာ အချင်းချင်း သစ္စာပျက်ယွင်းတဲ့ သစ္စာဖောက်တွေကြောင့် စစ်ဘက်နဲ့ ပညာရှင်တွေ လုပ်ကြံခံရတဲ့ နမူနာမျိုးတွေ၊ အပြင်နဲ့အတွင်း ဟန်ချက်ညီညီ ဖြစ်လာနိုင်တဲ့ အဖျက်အမှောင့် ဖော်ဆောင်မှုတွေကို သတိထားဖော်ထုတ်ဖို့လည်း အရေးကြီးပြန်တယ်။ ကိုယ့်ဘက်က အားမကောင်းရင် အစော်ကားခံရမယ်။ အားကောင်းအောင် အင်အားတည်ဆောက်ရမယ့် အချိန်ဖြစ်တဲ့အပြင် မိတ်ဆွေစစ် မိတ်ဆွေမှန်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုပါတယ်။

ယခုကာလက အင်မတန် အရေးကြီးတဲ့အတွက် ဖြစ်ပါတယ်။ သူတို့ဘာလုပ်လုပ် တရားတယ်ဆိုတဲ့ Double standard မူအတိုင်း ကျင့်သုံးတတ်တဲ့ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ အလေ့အထကို ပြန်လည်တုံ့ပြန်နိုင်ဖို့ လိုတယ်။ ဒီလိုကျင့်သုံးမှုတွေကြောင့်သာ ပဋိပက္ခတွေ ကြီးထွားလာရတယ်၊ အကြမ်းဖက်မှုတွေ တိုးပွားလာရတယ်၊ ယခုလိုစစ်ပွဲတွေ ဖြစ်ပွားလာရတယ်။ ယခုလိုအခြေအနေတွေကြောင့်ပဲ နိုင်ငံတွေဟာ မိမိတို့အင်အားကို ဘက်ပေါင်းစုံကနေ တိုးချဲ့တည်ဆောက်နေကြရတယ်။ နောက်တစ်ချက် သတိထားမိတာတစ်ခုက ဂါဇာကအဖြစ်အပျက်တွေ၊ တဲလ်ဗစ်၊ ဟိုင်ဖာ၊ တီဟီရန် စတဲ့မြို့တွေက ဆိုးရွားလှတဲ့ အဖြစ်အပျက်တွေကြည့်ပြီး ကျွန်တော်တို့ နိုင်ငံတပ်မတော်က ပြည်တွင်းသောင်းကျန်းသူတွေအပေါ် ညင်သာတဲ့ ကိုင်တွယ်ပုံနဲ့ နှိုင်းယှဉ်ကြည့်ရင် ခြားနားချက် အများအပြားကို တွေ့ရလိမ့်မယ်လို့ ယူဆတယ်။ တကယ်တော့ ကိုယ့်နိုင်ငံက ခေါင်းဆောင်တွေဆိုတာ ကိုယ့်နိုင်ငံ၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ပြည်သူ ဘယ်တော့မှ မဖျက်ဆီးမပျက်စီးစေရဘူးဆိုတဲ့စိတ် အမြဲရှိတယ်။ ဘယ်သူသေသေ ငါတို့နိုင်ငံသားတွေရဲ့ အသက်ပဲဆိုတဲ့စိတ်နဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းမယ်ဆိုတဲ့စိတ် အမြဲထားတယ်။

ယခုလက်ရှိဖြစ်နေတဲ့ စစ်ဖြစ်နေတဲ့နိုင်ငံတွေက အချို့သော ခေါင်းဆောင်တွေ၊ စစ်ထဲဝင်ပါမိသော်လည်း ကမ်းလင့်တဲ့ငြိမ်းချမ်းရေးကို မဖမ်းမိမဆုပ်ကိုင်မိတဲ့သူတွေ၊ သူတို့ရဲ့ မိုက်မဲတဲ့စဉ်းစားတွေးခေါ်ပုံတွေကနေ သင်ခန်းစာယူမယ်ဆိုယူရမယ့်အချက် များစွာရှိနေပါတယ်။ အထူးသဖြင့် လူသားချင်း စာနာစိတ်ဆိုတာ ဘယ်လိုလဲဆိုတာ ယနေ့ကမ္ဘာ့စစ်ပွဲတွေကြည့်ပြီး ကျွန်တော်တို့ပြည်သူတွေ တိုင်းရင်းသားတွေ ခံစားသုံးသပ် ဆင်ခြင်နိုင်ဖို့ပါပဲ။ ။

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံ အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၂၀**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အမည်ခံ အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် ပတ်သက်သည်များကို အသိပညာပေး ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၄ ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့ ပညာရေးဒီဂရီကောလိပ်၌ စားသုံးသူရေးရာ အသိပညာပေးဟောပြော

**ပခုက္ကူ ဇွန် ၂၀**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ပခုက္ကူမြို့ ပညာရေးဒီဂရီကောလိပ်၌ ယမန်နေ့နံနက်ပိုင်းက စားသုံးသူရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနက ဦးစီးမှူး ဦးဝေဠုအောင်က စားသုံးသူကာကွယ်ရေးဥပဒေပါအကြောင်းအရာများ၊ ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် ဆောင်ပုဒ်များ သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ အွန်လိုင်းမှတ်ပုံတင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် မူပိုင်ခွင့်ဥပဒေဆိုင်ရာ အကြောင်းအရာများ၊ ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်အေးက စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ Consumer Call Center (1535)သို့ ဆက်သွယ်၍ စားသုံးသူရေးရာနှင့် ပတ်သက်ပြီး ဆွေးနွေးမေးမြန်းခြင်း၊ တိုင်းကြားနိုင်ခြင်း စသည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းဟောပြောပြီး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်  ဇွန်  ၂၀

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။**



အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် မှန်ကန်လွယ်ကူစေရန်နှင့် မဲမသမာမှုများ မဖြစ်ပွားစေရန် လာမည့်ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲပေးစက်များအသုံးပြုမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲအတွက် လိုအပ်သည့်မဲပေးစက်များ ထုတ်လုပ်လျက်ရှိပြီး ရရှိလာသည့် မဲပေးစက်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်းနှင့် ပျက်စီးမှုမရှိစေရေး စနစ်တကျသိမ်းဆည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပသွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်တစ်ခုနှင့်တစ်ခုအကြား သတ်မှတ်ကာလအတွင်း မဲပေးစက်များ လုံခြုံစွာစနစ်တကျရွှေ့ပြောင်းပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နည်းလမ်းများ ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌက ရွေးကောက်ပွဲတွင် မဲပေးစက်များ ကိုင်တွယ်အသုံးပြုမည့် မဲရုံဝန်ထမ်းများ ဆင့်ပွားသင်တန်းပေးမည့် အစီအစဉ်များနှင့် MEVM စက်များ မြို့နယ်များသို့ ရွှေ့ပြောင်းရာတွင် ကြိုတင်စီမံထားရန် လိုအပ်သည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများနှင့်ကျွမ်းကျင်သူပညာရှင်များက မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းများပို့ချရေး၊ မဲပေးစက်များကို ရွေးကောက်ပွဲအပိုင်းအလိုက် ရွှေ့ပြောင်းရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် MEVM ဆိုင်ရာတာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က MEVM စက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော်  ဇွန်  ၂၀**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင် ရဲမှူးချုပ် ဇော်လင်းထွန်း၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များနှင့် တိုးတက်မှုအစီရင်ခံစာမူကြမ်းစိစစ်ရေးသားရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများကိုရေးသားတင်ပြရမည့် (၁၅)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအား APJG မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ တိုးတက်မှုအစီရင်ခံစာရေးသားတင်ပြသူများအနေဖြင့် ပြည့်စုံကောင်းမွန်စွာ ရေးသားတင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို အချက်အလက်ပြည့်ပြည့်စုံစုံဖြင့် ရှင်းလင်းစွာရေးသား ပံ့ပိုးပေးရန်နှင့် အစီရင်ခံစာရေးသားရာတွင် အဓိကထည့်သွင်းရေးသားရန် လိုအပ်သည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက မဟာဗျူဟာနယ်ပယ်(၃)၏ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ချက်များကို လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်က FATF မျက်နှာစုံညီအစည်းအဝေးဆုံးဖြတ်ချက်အရ ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသည့်အချက်များနှင့် ထည့်သွင်းစဉ်းစားရမည့်အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့အတွင်းရေးမှူးက FATF မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့်အခြေအနေများ၊ အစည်းအဝေးတွင် ဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များကို လည်းကောင်း၊ (၁၅) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာရေးသားရာတွင် APJG မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ မြန်မာနိုင်ငံက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ကိန်းဂဏန်းအချက်အလက်များနှင့် မှုခင်းဖြစ်စဉ်များဖြင့် အဆင့်သတ်မှတ်ချက်တိုးမြှင့်ရရှိရန် ကျန်ရှိနေသည့်လက်ငင်းရလဒ်တစ်ခုချင်းစီအလိုက် ပြည့်စုံရှင်းလင်းစွာတင်ပြရေးသားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက ပံ့ပိုးပေးမည့်အချက်အလက်များ၊ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဆုံးရှုံးနိုင်ခြေများကို ပြန်လည်အကဲဖြတ်စိစစ်ပြီး ရလဒ်များကို လုပ်ငန်းအဖွဲ့သို့တင်ပြနိုင်ရေး ဆောင်ရွက်မည့်အချက်များနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

**ရန်ကုန်  ဇွန်  ၂၀**

မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းက ကန်သာယာအထူးကုဆေးရုံကြီး၏ စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ် ပြည်လမ်းရှိ ကန်သာယာအထူးကုဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ ကန်သာယာအထူးကုဆေးရုံကြီး၏ ဆေးရုံအုပ်ချုပ်မှုဒါရိုက်တာ ပါမောက္ခဒေါက်တာစောလွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ စာရေးဆရာ မောင်ဆွေသက်က စာအုပ်၊ စာစောင်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ ကန်သာယာအထူးကုဆေးရုံကြီး၏ ဆေးရုံအုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ယင်းနောက်ဆေးရုံအုပ်ချုပ်မှုဒါရိုက်တာက စာအုပ်၊ စာစောင်များ လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားတက်ရောက် လာကြသူများက ကန်သာယာ အထူးကုဆေးရုံကြီး စာကြည့်တိုက်သို့ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။(ယာပုံ)

**အောင်မြင့်**
**(ပြန်/ဆက်)**



# လှိုင်ကော်မြို့၌ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**လှိုင်ကော် ဇွန် ၂၀**

၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် လှိုင်ကော်တက္ကသိုလ်ပရဝဏ်၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပျိုးပင်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လှိုင်ကော်တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့ထံ ဖြန့်ဝေပေးအပ်ရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်နေရာ၌ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးပြီး **(အပေါ်ယာပုံ)** တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌



ကျွန်း၊ ခရေ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မဟော်ဂနီ၊ ခါတော်မီ၊ ဝါး၊ ကံ့ကော်နှင့် ဆီသပြေ စသည့်ပျိုးပင်ကိုးမျိုး ပျိုးပင်ပေါင်း ၃၀၀၀ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် လှိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်အားကစားရုံ အမှတ်(၃)၌ ကျင်းပသည့် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ထူးချွန်ကစားသမားများကို ပြည်နယ်လက်ရွေးစင်အဖြစ် ရွေးချယ်သွားမည်ဖြစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်အားကစားရုံ အမှတ်(၂) ၌ အသက်(၂၅) နှစ်အောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကယားပြည်နယ် လက်ရွေးစင်တိုက်ကွမ်ဒိုအားကစားသမားများ၏ သရုပ်ပြလေ့ကျင့်နေမှုကို ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က အားကစားသမားများနှင့် နည်းပြများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်စာအုပ်အတွက် ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ပြုစုပုံနှိပ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာသမိုင်းအဖွဲ့ပညာရှင်ကြီးများ၊ အကြံပေးပညာရှင်များ၊ ပျူခေတ်သုတေသနတူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော အရာရှိကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲများ သုံးကြိမ်ပြုလုပ်ခဲ့ပြီး ခိုင်မာသော အချက်အလက်များ၊ မှတ်တမ်းပြုစုခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်သူလူထုသိရှိစေရန် သမိုင်းစဉ်စာအုပ်ထုတ်ဝေရာတွင် အခန်းကဏ္ဍ၊ ခေါင်းစဉ်များခွဲခြားရန်၊ ခိုင်မာသောသုတေသနအချက်အလက်များကို အခြေခံ၍ သမိုင်းပညာရှင်ကြီးများ၏ အကြံပြုချက်နှင့်အညီ ပြန်လည်စုစည်း သွားရမည်ဖြစ်ကြောင်း၊ ခိုင်မာသောသမိုင်းဖြစ်ရန် လိုအပ်သကဲ့သို့ အရှိကို အရှိတိုင်းသာ ရေးသားပြင်ဆင်ဖြည့်စွက်ပေးရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သမိုင်းစဉ်စာအုပ်ပြုစုခြင်း၏ အဓိက ရည်ရွယ်ချက်မှာ လူသားများ စတင်ဖြစ်တည်ချိန်မှ ပျူခေတ်အထိ တစ်ဆက်တစ်စပ်တည်းသမိုင်းနှင့် မြန်မာနိုင်ငံသမိုင်းတွင် ကွက်လပ်ဖြစ်နေသော ဟာကွက်များကို ဖြည့်ဆည်းရန်အတွက် အသစ်ထပ်မံတွေ့ရှိချက်အထောက်အထားများကို ပြင်ဆင်ဖြည့်စွက်ရန် ဖြစ်ပါကြောင်း၊ ပျူခေတ်ကာလ သမိုင်းစဉ်အထောက်အထားများကို အသစ်တွေ့ရှိချက်များသာမက ခေတ်မီသက်တမ်းတွက်ချက်မှုများကိုပါ ဖြည့်စွက်ရေးသားထားပါကြောင်း၊



သမိုင်းပေါ်လွင်ရန်ဖြစ်၍ မြန်မာသမိုင်းအဖွဲ့ပညာရှင်များနှင့် စိစစ်ရေးအဖွဲ့ ပညာရှင်များက တည်းဖြတ်ပေးရန်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပညာရှင်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြား၍ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝန်းသိုမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး

**ဝန်းသို ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အထက–ဝန်းသို မြတ်ဆရာခန်းမ၌ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ



ကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုမြင့်က ကြိုတင်ကာကွယ်သဘာဝဘေးအန္တရာယ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခွင်ကြည်က ရေကြီးရေလျှံဘေးအန္တရာယ်နှင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများအကြောင်းကို လည်းကောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းဖြိုးက မြန်မာနိုင်ငံတွင်ဖြစ်ပွားလေ့ရှိသည့် ဘေးအန္တရာယ်များအကြောင်း၊ မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေးအန္တရာယ်နှင့် မိုးခေါင်ရေရှားဘေးအန္တရာယ်တို့၏ ဆောင်ရန်ရှောင်ရန်အချက်များနှင့် ကြိုတင်ပြင်ဆင်သိရှိလိုက်နာဆောင်ရွက်ရန်အချက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက ငလျင်လှုပ်ခတ်နေစဉ်အတွင်း (ဝပ်၊ ကာ၊ ကိုင်)ပုံစံဖြင့် နေထိုင်ပုံကို သရုပ်ပြသခဲ့ရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)




# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇွန် ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် LEAPMOTOR C11 (Standard) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား ကျောင်းသူများ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ဆက်လက်ဖြေဆို



**နေပြည်တော် ဇွန် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် ဇွန် ၁၆ ရက်မှစတင်၍ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၆၂၇၈၉ ဦး (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်းကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အခြေခံပညာဦးစီးဌာန

## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

ရူပဗေဒ + သမိုင်းဘာသာရပ် | ရက်စွဲ၊ ၂၀-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၀ | ၅၃၀၂ | ၈၅၈၂ | ၅၇ | ၅၇ | ၁၁၄ | ၉၈.၆၉% | ၁.၃၁% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၃ | ၁၉၃၇၈ | ၃၃၇၆၁ | ၂၇၅ | ၂၀၅ | ၄၈၀ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၃၉ | ၃၆၆၅၀ | ၆၂၇၈၉ | ၄၆၂ | ၄၂၂ | ၈၈၄ | ၉၈.၆၁% | ၁.၃၉% | |

## ၂၀၂၅ ခုနှစ် ဇွန်လတွင် ပြန်လည်ကျင်းပသည့်တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒနှင့် သမိုင်းဘာသာရပ် ဆက်လက်ဖြေဆို




**တနိုင်း**

ကချင်ပြည်နယ် တနိုင်းမြို့နယ်ရှိ စာစစ်ဌာနများ၌ ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ ဇွန် ၂၀ ရက်က အေးချမ်းစွာဖြင့် ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**နေလင်းထူး(ပြန်/ဆက်)**



**လယ်ဝေး**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ဇွန် ၂၀ ရက်က ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒနှင့် သမိုင်းဘာသာရပ်ကို စာစစ်ဌာန ၁၁ ခုတွင် ကျောင်းသား ကျောင်းသူများ ဆက်လက်ဖြေဆိုလျက်ရှိသည်။

**မြို့နယ်(ပြန် /ဆက်)**

**ဖားကန့်**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိစာစစ်ဌာန နှစ်ခု၌ ၂၀၂၅ ခုနှစ်တွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၉ ရက်က ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဇွန် ၂၀ ရက်က ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ ပြန်လည်ဖြေဆိုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ပြည်ကြီးတံခွန်**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စာစစ်ဌာနများတွင် Grade -12 ကျောင်းသား ကျောင်းသူ ၇၉၉ ဦး တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ရူပဗေဒနှင့် သမိုင်းဘာသာရပ်ကို ဇွန် ၂၀ ရက်က ဆက်လက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီတော်နှင့် လေးကျွန်းမာရ်အောင်မြတ်စွာဘုရားတို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး စေတီတော်ရင်ပြင်တိုးချဲ့ရန် မြေသားခိုင်မာမှု စမ်းသပ်စစ်ဆေးခြင်းနှင့် စေတီတော်လုံးပတ် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု၊ စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့်ဘုန်းတော်ကြီးကျောင်းတိုက်များ၊ သာသနာ့နွယ်ဝင်သီလရှင်စာသင်တိုက်များ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ၌ အပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းမှုနှင့် ပြန်လည်တည်ဆောက်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ရှမ်းစုဆီးဘန်နီတိုက်အတွင်းရှိ အလယ်တိုက်ကြီးအုတ်ကျောင်း အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ဆွမ်းဦးပုညရှင်စေတီရှိ အပျက်အစီးများ ရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ စစ်ကိုင်းပညာရေးကောလိပ်သို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ရှမ်းစုဆီးဘန်နီတိုက်အတွင်းရှိ အလယ်တိုက်ကြီးအုတ်ကျောင်းနှင့် ကျွန်းလုံးဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်ရှိ သာသနာ့ဇောတိကာရုံအုဋ္ဌ်ကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများကို တပ်မတော်သားများက လည်းကောင်း၊ စက်ယန္တရားကြီးများအသုံးပြု၍ လည်းကောင်းအင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုနှင့် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နှင့် မြို့သစ်အမှတ်(၃) ရပ်ကွက်တို့ရှိ အန္တရာယ်ရှိ နေအိမ်အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြို့နယ်အသီးသီး၌ စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ရန် အသိပညာပေးခြင်းနှင့် သရုပ်ပြခြင်းဆောင်ရွက်

### ရန်ကုန်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ Shopping Mall များနှင့် အဆင့်မြင့်အရောင်းဆိုင်ကြီးများမှ တာဝန်ရှိသူများအား အမှိုက်အမျိုးအစားလေးမျိုး ခွဲခြားစွန့်ပစ်ခြင်းနှင့် ခွဲခြားစွန့်ပစ်ရမည့် အမှိုက်အမျိုးအစားများ ရှင်းလင်းပြောကြားခြင်းကို ဇွန် ၁၉ ရက်က ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (၁၂)ထပ်ခွဲရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးချိုထွန်းအောင်က စွန့်ပစ်အမှိုက်များကို အမျိုးအစားခွဲခြား၍ စွန့်ပစ်ရန်နှင့် ဈေးများ၊ ကော်မတီလက်အောက်ရှိရုံးများ၊ ကျောင်းများတွင်လည်း အမှိုက်ခွဲခြားစွန့်ပစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူးက အမှိုက်အမျိုးအစားများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အာကာလင်း**



### ဘားအံ

ကရင်ပြည်နယ် ဘားအံမြို့နယ် စုပေါင်းရုံး၌ စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ရန် အသိပညာပေးခြင်းနှင့် သရုပ်ပြသခြင်းကို ဇွန် ၁၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးစွာ ဘားအံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး ဘားအံမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သက်နှင်းစုက ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုကာကွယ်ပြီး သယံဇာတအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချနိုင်ရန် အန္တရာယ်ကင်းသော စွန့်ပစ်မှုဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စွန့်ပစ်အမှိုက်ခွဲခြားစွန့်ပစ်မှုကို သရုပ်ပြစွန့်ပစ်စေခဲ့ကြောင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



### အောင်လံ

မကွေးတိုင်းဒေသကြီးအောင်လံမြို့ မြို့မဈေးကြီး၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို ဇွန် ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမျိုးဝင်းက အမှိုက်ပုံးများကို အရောင်ခွဲခြားစွန့်ပစ်နိုင်ရေး အရောင်လေးမျိုးသတ်မှတ်၍ စွန့်ပစ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အောင်လံမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး ဈေးသူ ဈေးသားများက အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

### ဖျာပုံ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ အမှိုက်စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန် လိုက်လံအသိပညာပေးသရုပ်ပြခြင်းကို ဇွန် ၁၉ ရက်က ဆောင်ရွက်ကြသည်။

သရုပ်ပြဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးနိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့က မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဈေးများနှင့် ဌာနဆိုင်ရာရုံးများတွင် ပြည်သူပူးပေါင်းပါဝင်သော အမှိုက်သိမ်းစနစ်ဖြစ်ပေါ်လာစေရေးနှင့် အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်နိုင်စေရန် လိုက်လံအသိပညာပေး သရုပ်ပြဆောင်ရွက်သည်။

**အောင်ဝင်းနိုင်**
**(ပြန်/ဆက်)**



# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**ထားဝယ် ဇွန် ၂၀**

ရေကြီးရေလျှံမှု၊ မုန်တိုင်းဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ကကြီးမှူး၍ တနင်္သာရီတိုင်းဒေသကြီး မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ ကမြောကင်းတံတားအနီး ထားဝယ်မြစ်အတွင်း ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ဦးစွာ ပူးပေါင်းအဖွဲ့များက မုန်တိုင်းအန္တရာယ်သတိပေးနှိုးဆော်သတိပေးခြင်း၊ ပြည်သူများကိုဘေးအန္တရာယ်ကင်းလွတ်ရာနေရာသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့်နေအိမ်များပေါ်သို့ သစ်ပင်များလဲကျခြင်းတို့ကိုဖြတ်တောက်ရှင်းလင်းခြင်း၊ ပိတ်မိနေသူများအားရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့က ဖယ်ရှားကယ်ထုတ်ခြင်း၊ ရေကြီးရေလျှံမှုကြောင့် မြစ်အတွင်း စက်လှေတိမ်းမှောက်ကာ ရေနစ်နေသူများနှင့် ရေတွင်မျောပါလာသူများအား ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒဏ်ရာရရှိသူများအားရှေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံသို့ ပို့ဆောင်ခြင်း၊ ကျန်ရှိ၊ ပျောက်ဆုံးပြည်သူများ ရှိ မရှိ စာရင်းကောက်ယူစိစစ်ဆောင်ရွက်ခြင်း စသည်တို့ကို အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးရန် ဇာတ်တိုက်လေ့ကျင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဇာတ်တိုက်လေ့ကျင့်ခြင်း အစီအစဉ်တွင် တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်၍ မီးသတ်ဦးစီးဌာနက ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမွန်မြတ်သောကုသိုလ်ပြုအရေးပေါ် (အခမဲ့) ကူညီသယ်ဆောင်ရေးအဖွဲ့၊ ဒေသခံပြည်သူများ ပါဝင်ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးကာကွယ်ရေးတာများဖြင့် မြစ်ရေဝင်ရောက်နစ်မြုပ်ခြင်းမှကာကွယ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၈ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ ဧရာဝတီ ဟင်္သာတတာ တာမိုင် ၆၇/၄ ရှိ ကြိမ်ပင်ဆယ်ရေကင်းစခန်း ကြံ့ခိုင်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ရေဘေးကာကွယ်ရေးတာများတွင် တာ၊ တမံ၊ ရေတံခါးများ၏ ကြံ့ခိုင်လုံခြုံမှု ရှိ မရှိကို အသေးစိတ် စစ်ဆေးကြရန်နှင့် တာတမံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တာတမံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံဆောင်ရွက်သွားကြရန်၊ အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက ပြင်ဆင်ဆောင်ရွက်ရန် အရေးပေါ်ပစ္စည်းများကို နီးစပ်ရာ၌ အဆင်သင့် စုဆောင်းထားရှိနိုင်ရေးနှင့် စက်ယန္တရားများ အဆင်သင့်ထားရှိနိုင်ရေး ဆွေးနွေးမှာကြားပြီး ရေကင်းစောင့် ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဧရာဝတီ ဟင်္သာတတာအနေဖြင့် စုစုပေါင်း တာမိုင်အလျားအရှည် ၈၃ ဒသမ ၈၇ မိုင်နှင့် ရေကင်းစခန်း ၂၂ ခုရှိပြီး ရေဘေးကာကွယ်ရေး ဧရိယာ ၃၃၉၃၈၀ ဧကကို ရေဘေးအန္တရာယ်မှ ကာကွယ်ထားရှိသည်။

ထို့နောက် ပန်းတနော်မြို့နယ်ရှိ ဗောဓိချောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စုရှိ ပျဉ်းမချောင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ ရေနက်ကွင်းများတွင် ပိုမိုသင့်လျော်သည့် ရေမြုပ်ခံစပါးမျိုးသစ်များ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများ ချိတ်ဆက်ဆောင်ရွက်ကြရန်၊ ပိုးမွှားရောဂါကျရောက်မှု ခံနိုင်ရည်ရှိသော၊ ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲများ စီမံဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။



ယင်းနောက် ပုသိမ်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးရိပ်သာ၌ တိုင်းဒေသကြီး ဦးစီးမှူးများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့၌ တောင်သူအသိပညာပေး သင်တန်းပြုလုပ်



**ကျောက်ဖြူ ဇွန် ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် လယ်သမားများ တောင်သူအသိပညာပေးသင်တန်းကို ဇွန် ၁၈ ရက်က စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။

အဆိုပါ တောင်သူအသိပညာပေးသင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မဆန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မိုးစပါးတစ်ဧက အထွက်နှုန်း တိုးတက်မြင့်မားလာစေရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးတို့ကို ဆွေးနွေးပြောကြားသည်။ ထို့နောက် သင်တန်းတက်ရောက်လာကြသည့် ကောက်စိုက်လုံမေများအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

**တင်ထွန်းဦး (ပြန်/ဆက်)**

## လျှော့ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၂၀ ရက်အထိ သေဆုံးသူ ၃၇၅၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၉ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၄ ခုနှစ် စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ပဲခူး ဇွန် ၂၀

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲ စာအောင်သံဃာတော်၊ သီလရှင်များအား စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြည်ညိုကြသည်။**

ဦးစွာ ကြွရောက်လာကြသည့် ဆရာတော်ကြီးများ၊ စာအောင် သံဃာနှင့်သီလရှင်များ၊ ပဲခူးတိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များ က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ကို ဖွင့်လှစ်ပြီး ပဲခူးမြို့ သာသနာ့ မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်း တိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသီရိန္ဒအရှင် သူမြတ်ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြကာ ကြွရောက် လာသည့် ဆရာတော်အရှင် သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာ များ ဖတ်ကြားလျှောက်ထား ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးတရား လွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ် ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်နှင့် နိကာယ်စာမေး ပွဲတို့တွင် ဖြေဆိုအောင်မြင်ကြ သည့် သံဃာတော်များနှင့် သီလရှင် ၂၉၅၆ ပါးတို့အတွက် ဘွဲ့တံဆိပ်တော်နှင့် စာအောင်ဆု များအား စာအောင်သံဃာများနှင့် တိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ပထမအကြိမ်မှ ဒွါဒသမအကြိမ်အထိ သုတ စုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပြိုင်ပွဲ တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရှိ ယဉ်ကျေးလိမ္မာ ဓမ္မစကူး ကျောင်းများမှ ပထမဆုရရှိသူ သုံးဦး၊ ဒုတိယဆုရရှိသူ ငါးဦး၊ တတိယဆုရရှိသူနှစ်ဦး၊ စတုတ္ထ ဆုရရှိသူလေးဦး၊ ပဥ္စမဆုရရှိသူ နှစ်ဦးနှင့် ဆဋ္ဌမဆုရရှိသူနှစ်ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၈ ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိ သူများက ထပ်မံဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပဲခူးမြို့ ကြခတ် ဝိုင်းပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တ ဥယျာဓမ္မာဘိဝံသ အရှင်သူမြတ် ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှအတမ်းပေးဝေခဲ့ကြ ကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ကို ရုပ်သိမ်းခဲ့ကြသည်။

ယင်းနောက် ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော် အရှင် သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်



လှူဒါန်းကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန် စာမေးပွဲနှင့် နိကာယ်စာမေးပွဲတို့၌ ဓမ္မာစရိယ (ကျမ်းပြီး) ၁၈၅ပါး၊ ဓမ္မာစရိယ (ကျမ်းစွဲ) ၄၇၄ ပါး၊ နိကာယ် (မဟာဝိဒူ) လေးပါး၊ နိကာယ်(ကျမ်းပြီး) ၂၆၅ ပါး၊ နိကာယ်(ကျမ်းစွဲ) ၆၂၈ ပါး၊ ပါဠိ ပထမပြန်(ပထမကြီးတန်း) ၁၇ ပါး၊ ပထမလတ်တန်း ၈၉ ပါး၊ ပထမငယ် တန်း ၂၇၄ ပါး၊ အခြေပြု မူလတန်းအပါး ၁၀၂၀ စုစုပေါင်း ၂၉၅၆ ပါး အောင်မြင်ခဲ့ကြသည့် အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ စာအောင်ဆု အလှူ ငွေကျပ် ၉၄၀၉၀၀၀၀ အား ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မင်းဘူးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

မင်းဘူး ဇွန် ၂၀

**ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေကို လေ့လာဖတ်ရှုနိုင်စေရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မင်းဘူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**

ဦးစွာ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက် ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ မကွေး တိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက် မှုအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ လူမှု ရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေး သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် တွင် ထည့်သွင်းကျင်းပသော ကာယ၊ ဉာဏ စွမ်းရည် ပြိုင်ပွဲများဖြစ်သည့် ဆေးရောင်ခြယ်၊ စကားပုံဆက်၊ အရုပ်ဆက်၊ ခါးကွင်းလှည့်၊ အရုပ်ကွင်းစွပ်၊ ဘောလုံး ဂိုးသွင်း၊ စက်ဝိုင်းလှည့်၊ ဆန်ကောရွက် စသည့် ကစားနည်းပြိုင်ပွဲမျိုးစုံ ကျင်းပနေမှုနှင့် အေးချမ်း ပျော်ရွှင်စွာ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေး ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ ခင်းကျင်းပြသထားသည့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းနှင့် လူငယ်ရေးရာ အသိပညာ ပေးလှုပ်ရှားဆောင်ရွက်မှုပြခန်း၊ ဌာနဆိုင်ရာ ပြခန်း



များနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည် ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ် ကို အဆိုပါကျောင်းခန်းမ၌ကျင်းပရာ တိုင်းဒေသ ကြီးဝန်ကြီးချုပ် က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်း အဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြော ပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show) တွင် စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင် ရေးသားသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကိုဖော်ကျူးသည့် “သူ့ကျွန် မခံပြီ”စာအုပ်အား ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသူ လေးများကို မကွေးတိုင်းဒေသကြီး စာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက ဂုဏ်ပြု ချီးမြှင့်ငွေ ပေးအပ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးပြီး ပထမဆုံးအဖြစ်ကျင်းပသော မင်းဘူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် အခြေခံပညာ အဆင့် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ၊ အမြဲမပြတ် လေ့လာသင်ယူရေးစကားဝိုင်းများအပြင် ဌာနဆိုင်ရာ ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များဖြင့် ဇွန် ၁၉ ရက်မှ ၂၀ ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပပြုလုပ် ခဲ့ရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ နှင့် ဒေသခံပြည်သူ စုစုပေါင်းအင်အား ၁၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## မိုးစပါးအပြည့်အဝစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍရည်မှန်းချက်များ အောင်မြင်စေရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးအပြည့်အဝစိုက်ပျိုးရေး၊ လယ်ယာကဏ္ဍရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မိုးစပါးစိုက်ပျိုးသည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရင်းတိုက်ကွင်းကျေးရွာ အုပ်စု ရွှေခေတ်သစ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသူအောင်က ပန်းတိုင်အထွက်နှုန်းများရရှိအောင် ကြိုးပမ်း ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင် ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးမင်းခိုင်က လယ်ယာမြေနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးတောင်သူများ အနေဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ICT ကို ချဉ်းကပ်အသုံးပြုဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်



နှင့် တာဝန်ရှိသူများက အောင်နိုင်တိုးမျိုးစပါးပြန့်ပွားရေးအတွက် စိုက်ပျိုးသူတောင်သူ သုံးဦးကို မျိုးစေ့များထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# အီရန်နှင့် အနောက်နိုင်ငံများကြား သံတမန်ရေးရာ ဆွေးနွေးပွဲကျင်းပမည်

**ဂျီနီဗာ ဇွန် ၂၀**

လွန်ခဲ့သည့်သီတင်းပတ်က အစ္စရေးက အီရန်ကို ထိုးစစ်ဆင်ခဲ့ပြီးနောက် အီရန်နှင့် အနောက်နိုင်ငံ အစိုးရများကြား သံတမန်ရေးရာ ဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရန် ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးများနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒရေးရာ အကြီးအကဲတို့သည် အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်စ် အာရက်ချီနှင့် ဆွစ်ဇာလန်နိုင်ငံတွင် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၀ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့ကြောင်း ပြင်သစ်အစိုးရက ပြောသည်။

အစ္စရေးနှင့် အီရန်နိုင်ငံတို့ကြား ပဋိပက္ခဖြစ်ပွားနေချိန်တွင် ယခုကိစ္စ ထွက်ပေါ်လာခြင်းဖြစ်သည်။

အစည်းအဝေးတွင် ဥရောပသမဂ္ဂအရာရှိများက အီရန်နိုင်ငံကို ဆွေးနွေးညှိနှိုင်းရေးစကားဝိုင်းသို့ ပြန်လည်ဝင်ရောက်ရန် တိုက်တွန်းခဲ့သည်။

အမေရိကန်နှင့် ညှိနှိုင်းပြီး အစည်းအဝေးကို ကျင်းပခဲ့သည်ဟု ဥရောပသမဂ္ဂအရာရှိများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

ပြင်သစ် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဂျန်-နိုဝယ်ဘားရော့တ် (ဝဲ)၊ ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လမ်မီ၊ ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး ဂျိုဟန်ဝါဒီဖူလ်နှင့် ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒရေးရာအကြီးအကဲ ကာဂျာကာလက်စ်တို့ တွေ့ဆုံဆွေးနွေးစဉ်။






# အီရန်နှင့်အစ္စရေးတို့တွင် အီတလီသံရုံးများ ဆက်လက်ဖွင့်လှစ်ထားပြီး အီတလီနိုင်ငံသားများအတွက် စင်းလုံးငှားလေယာဉ်များ စီစဉ်ပေးလျက်ရှိ

**ရောမ ဇွန် ၂၀**

အီရန်နိုင်ငံနှင့်အစ္စရေးနိုင်ငံတို့ကြား ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေချိန် တီဟီရန်နှင့်တဲလ်အဗစ်မြို့တို့ရှိ အီတလီသံရုံးများကို ဆက်လက်ဖွင့်လှစ်ထားမည်ဟု နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး အန်တိုနီယိုတာဂျနီ **(အပေါ်ပုံ)** က ဇွန် ၁၉ ရက်တွင် ပြောသည်။

အီရန်နှင့် အစ္စရေးတို့မှ ထွက်ခွာလိုသည့် အီတလီနိုင်ငံသားများအတွက် စင်းလုံးငှားလေယာဉ်များ စီစဉ်ပေးထားသည်ဟု ၎င်းကဆက်လက်ပြောကြားထားသည်။ အဆိုပါနိုင်ငံများမှ ထွက်ခွာသွားလိုသည့် အီတလီနိုင်ငံသားများအတွက် အဆင်ပြေရန် လုပ်ဆောင်ပေးနေကြောင်း ဝန်ကြီးတာဂျနီ က အီတလီနိုင်ငံ၏ အေအင်န်အက်စ်အေသတင်းဌာနသို့ ပြောသည်။

ဝန်ကြီးဌာန၏ ပြောကြားချက်အရ လက်ရှိအစ္စရေးနိုင်ငံတွင်ရောက်ရှိနေသည့် အီတလီနိုင်ငံသား ၂၀၀၀၀ ဝန်းကျင်ရှိပြီး အီရန်နိုင်ငံ၌ အီတလီနိုင်ငံသား ၄၅၀ အထိရှိသည်ဟုသိရသည်။ အီတလီနိုင်ငံသားများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် အခြားသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများအတွက် အထူးလေယာဉ်ခရီးစဉ်များစီစဉ်ပေးမည်ဟု အီတလီနိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

# ယီမင်နိုင်ငံ၌ ငတ်မွတ်ခေါင်းပါးမှုဖြစ်လာနိုင်ဟု ကုလသမဂ္ဂ သတိပေး

**အေဒင် ဇွန် ၂၀**

လာမည့်လများအတွင်း ယီမင်နိုင်ငံ၌ ငတ်မွတ်ခေါင်းပါးမှု အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာနိုင်သည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ဇွန် ၁၉ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ယီမင်နိုင်ငံ၏ အစားအသောက် ဖူလုံမှုမရှိခြင်းမှာ အရေးပေါ်အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ လာမည့်လများအတွင်း လူပေါင်းသန်းနှင့်ချီ၍ ငတ်မွတ်ခေါင်းပါးမှုနှင့် ကြုံတွေ့နိုင်ဟု သတိပေးထားသည်။ လူ့အသက်ပေါင်းများစွာကို ကယ်တင်ရန် လုပ်ဆောင်ရတော့မည်ဖြစ်ကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက သတင်းထုတ်ပြန်သည်။

ဇွန် ၁၈ ရက်တွင် ယီမင်နိုင်ငံခြားရေးဝန်ကြီး ရှာယာဇင်ဒါနီနှင့် ယီမင်ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး ဂျူလီအန် ဟာနစ်တို့တွေ့ဆုံခဲ့ပြီး တိုင်းပြည်၌ ယိုယွင်းလာသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို ဖြေရှင်းရန် နိုင်ငံတကာမှ အရင်းအမြစ်များကို စုစည်းနိုင်ရေး အလေးထားဆွေးနွေးခဲ့သည်ဟု ယီမင်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ရန်ပုံငွေ ပြတ်တောက်မှုများကြောင့် ယီမင်နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြန်လည်တုံ့ပြန်ရေးတွင် အဟန့်အတားများ တွေ့ကြုံရလျက်ရှိသည်။ ၂၀၂၅ ခုနှစ် ယီမင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေး အစီအစဉ်အတွက် ရန်ပုံငွေမှာ ၁၀ ရာခိုင်နှုန်းအောက် လျော့နည်းနေသည်ဟု မေလအတွင်း၌ ကုလသမဂ္ဂက အစီရင်ခံခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးအတွင်းသို့ ယီမင်နိုင်ငံ မကျရောက်စေရေး နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများ လိုအပ်သည်ဟု ကုလသမဂ္ဂက တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**



# အာဖရိကၡ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၈၀၀ အထိရှိ

**အဒ္ဒစ္စအဘာဘာ ဇွန် ၂၀**

၂၀၂၄ ခုနှစ် အစပိုင်းမှစတင်၍ ယနေ့အချိန်အထိ အာဖရိကတွင် မျောက်ကျောက်ရောဂါဖြစ်ပွားမှု အရေအတွက် ၁၅၀၀၀၀ အနီးသို့ ရောက်ရှိလာချိန်တွင် မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ ၁၈၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အဆိုအရ သိရသည်။

ယမန်နှစ် အစပိုင်းမှစတင်၍ မျောက်ကျောက်ရောဂါဒဏ်ခံ အာဖရိကနိုင်ငံ ၂၆ နိုင်ငံတွင် မျောက်ကျောက်ရောဂါဖြစ်ပွားမှု ၁၄၈၃၀၈ ခုရှိကြောင်း အစီရင်ခံဖော်ပြခဲ့သည်။ ယင်းအနက် ၄၀၆၇၄ ဦးကို အတည်ပြုခဲ့ပြီး မျောက်ကျောက်ရောဂါနှင့် ဆက်စပ်သေဆုံးသူ ၁၈၁၆ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

အာဖရိကသမဂ္ဂ၏ အထူးပြုကျန်းမာရေး စောင့်ရှောက်မှုအေဂျင်စီမှ အချက်အလက်များအရ လွန်ခဲ့သည့် သီတင်းပတ်တစ်ခုတည်းတွင် အာဖရိကတိုက်မှ မျောက်ကျောက်အတည်ပြုလူနာ ၈၂ ဦးနှင့် ဆက်စပ်သေဆုံးမှုအသစ် ၂၀ အပါအဝင် ကူးစက်မှုအသစ် ၂၇၁၅ ခုကို အစီရင်ခံတင်ပြခဲ့သည်။

ဆီရာလီယွန်နိုင်ငံတွင် မျောက်ကျောက်ရောဂါဖြစ်ပွားမှု အရှိန်အဟုန်ဖြင့် မြင့်တက်လာသည့်အတွက် စိုးရိမ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာအကြီးအကဲ ငါရှီနိုနိုက ထုတ်ဖော်ပြောကြားခဲ့သည်။

ဆီရာလီယွန်နိုင်ငံတွင် မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုသည် ပြီးခဲ့သော သီတင်းပတ်အတွင်း အာဖရိကတစ်ဝန်းတွင် မှတ်တမ်းတင်ထားသော ရောဂါဖြစ်ပွားမှုအားလုံး၏ ၄၀ ရာခိုင်နှုန်းအထိ ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အီရတ် ၊ လက်ဘနွန်၊ ဆီးရီးယားနှင့်အီရန်နိုင်ငံတို့သို့ ခရီးသွားလာမှုဆိုင်ရာ အကြံပြုချက် ပါကစ္စတန် ထုတ်ပြန်

**အစ္စလာမ္မာဘတ် ဇွန် ၂၀**

ဒေသတွင်းလုံခြုံရေးဆိုင်ရာအခြေအနေများကြောင့် ပါကစ္စတန်နိုင်ငံသားများအနေဖြင့် အီရတ်၊ လက်ဘနွန်၊ ဆီးရီးယားနှင့် အီရန်နိုင်ငံတို့ကို ခရီးသွားလာခြင်းမှ ရှောင်ရှားကြရန် ပါကစ္စတန်နိုင်ငံက ဇွန် ၁၉ ရက်တွင် ခရီးသွားလာမှုဆိုင်ရာ အကြံပြုချက် ထုတ်ပြန်ထားသည်။

ပါကစ္စတန် နိုင်ငံသားတို့၏ လုံခြုံစိတ်ချရရေးအတွက် အခြေအနေများ တိုးတက်မှုမရှိသေးမီအချိန်အထိ အဆိုပါနိုင်ငံများသို့ ခရီးသွားလာမှု ရှောင်ရှားကြရန် အကြံပြုချက် ခိုင်ခိုင်မာမာ ထုတ်ပြန်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ထားသည်။

အဆိုပါနိုင်ငံများ၌ ရောက်ရှိနေကြပြီးဖြစ်သည့် ပါကစ္စတန်နိုင်ငံသားများအနေဖြင့် အထူးသတိထားကြရန်၊ မလိုအပ်ဘဲ သွားလာလှုပ်ရှားမှုများ မပြုလုပ်ကြရန်နှင့် ပါကစ္စတန် သံရုံးနှင့် အဆက်အသွယ်မပြတ် ရှိကြရန် အကြံပြုထားသည်။

ဒေသတွင်း တင်းမာမှုများ ကြီးထွားလာချိန် အာဏာပိုင်များက နိုင်ငံရပ်ခြားသို့ရောက်ရှိနေသည့် ပါကစ္စတန်နိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ကာကွယ်မှုဆိုင်ရာ အစီအမံများ၏အရေးပါမှုကို အလေးပေးပြီး ယခုလိုအကြံပြုချက် ထုတ်ပြန်ထားခြင်း ဖြစ်သည်။ **ဆင်ဟွာ**

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ကျေးရွာအတွင်း အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းများကြောင့် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၀**

PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားများလွှမ်းမိုးစေရန် ရည်ရွယ်၍ ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက အများပြည်သူ ထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးဖုံးသီးများမှာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျေးရွာနေသူများဖြစ်ကြသည့် ဦးခင်မင်းဇော် (၅၈) နှစ်၊ ဦးစောထွန်း(၅၅)နှစ်၊ ဦးစိုးဇော်ဦး (၃၈)နှစ်၊ ဦးမြင့်ကို(၅၉) နှစ်နှင့် မဇူးရတနာကို(၃)နှစ်တို့ ငါးဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီတွင် မတ္တရာမြို့နယ် လက္ကောင်းလေးကျေးရွာနေ ဦးသောင်းဌေး (၅၃) နှစ်သည် ကျေးရွာ၏အရှေ့ဘက်ရှိ ချောင်း၌ ငါးဖမ်းရန်သွားစဉ် ကျေးရွာနှင့် သုံးဖာလုံခန့်အကွာ အရောက် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် ဦးသောင်းဌေးတွင် ယာခြေသလုံးအောက်မှ ပြတ်ထွက်ဒဏ်ရာတစ်ချက် ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးဖုံးသီးကျရောက်ပေါက်ကွဲမှုနှင့် နင်းမိုင်း ပေါက်ကွဲမှုတို့ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများအား မန္တလေး ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးကာ လိုအပ်ချက်များအပေါ် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသည့် နေရာများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်ခဲ့မှုများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ကျေးရွာအတွင်း အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းများကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။


---

❍ *ကျော့ဖုံးမှ*


ယနေ့ညမှ ဇွန် ၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၀-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၆-၂၀၂၅ ရက်နေ့မှ ၂၂-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၀-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၅-၆-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




---

◆ *ကျော့ဖုံးမှ*

အဆိုပါဓာတုပစ္စည်းများကိုသိမ်းဆည်းရန် အခကြေးငွေပေး၍ စေခိုင်းသူ ဇော်လင်းဦးအား ဇွန် ၁၀ ရက် ညနေ ၄ နာရီ မိနစ် ၃၀ တွင် ပုဗ္ဗသီရိမြို့နယ် ဝဏ္ဏဒီပရပ်ကွက် စွယ်တော်လမ်းရှိ၎င်း၏နေအိမ်၌လည်းကောင်း၊ ဓာတုပစ္စည်းများအား ရန်ကုန်မှ ပျော်ဘွယ်သို့ တာဝန်ခံသယ်ဆောင်သူ ကျော်မြင့်ဦး (ခ)ဖိုးကျော်(ခ)ဖြိုးကျော် အား ဇွန် ၁၂ ရက်နေ့ ည ၁၀ နာရီ မိနစ် ၃၀ ခန့်တွင် ဒလမြို့ရှိနေအိမ်၌လည်းကောင်း၊ ဓာတုပစ္စည်းများအား တရားမဝင်တင်ပို့ပေးသူ အောင်အောင်ဦး(ခ)ကိုခန့်အား ဇွန် ၁၄ ရက် နံနက် ၆ နာရီခန့်တွင် တာမွေမြို့နယ် ၁၅၂ လမ်းရှိ နေအိမ်၌လည်းကောင်း၊ ဓာတုပစ္စည်းများအား တရားမဝင်ရောင်းချခဲ့သူ နေအောင်လှိုင်သိန်း(ခ)နေအောင်အား နံနက် ၁၀ နာရီ မိနစ် ၃၀ ခန့်တွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဖန်ချက်စက်လမ်းရှိ နေအိမ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတုပစ္စည်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုရန်ရည်ရွယ်၍ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရပြီး ၎င်းတို့အား တရားဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ကျော့ဖုံးမှ*

ပွဲချိန်အများစုတွင် ပေါ်တိုအသင်းက ဂိုးရရှိနိုင်သည့် အခွင့်အရေး ပိုမိုဖန်တီးနိုင်မှုနှင့်အတူ ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိနေသောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ပြိုင်ဘက် အင်တာမိုင်ယာမီအသင်းက ရရှိလာသည့်အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ အင်တာမိုင်ယာမီအသင်းအတွက် သွင်းဂိုးများကို ဆီဂိုဗီယာနှင့် မက်ဆီတို့က သွင်းယူပေးခဲ့သည်။ ပေါ်တိုအသင်းအတွက် သွင်းဂိုးကို အဂီဟိုဝါက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

အင်တာမိုင်ယာမီအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် အုပ်စု (က) တွင် နှစ်ပွဲကစားပြီး ပါးမီးယပ်စ်အသင်းနှင့် ရမှတ်လေးမှတ်တူ ဂိုးကွာခြားချက်ကြောင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ ပြိုင်ဘက်ပေါ်တိုအသင်းက နှစ်ပွဲကစားပြီး ရမှတ်တစ်မှတ်သာစုဆောင်းရရှိသေးသည့်အတွက် တတိယနေရာတွင် ရပ်တည်နေပြီး နောက်တစ်ဆင့်တက်ရေးအတွက် လာမည့်ပွဲစဉ်တွင် ရုန်းကန်ရတော့မည်ဖြစ်သည်။ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှ အခြားပွဲစဉ်ရလဒ်များတွင် အက်သလက်တီကို မက်ဒရစ်အသင်းက ဆီတဲလ်ဆောင်းဒါးစ်ကို သုံးဂိုး- တစ်ဂိုး၊ ဘိုတာဖိုဂိုအသင်းက နာမည်ကြီး ပီအက်စ်ဂျီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ **အောင်ဇော်**

---

## မိုးနဲမြို့နယ်၌ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မိုးနဲ ဇွန် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၂၀၂၅ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စု ကလပ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက မြို့နယ်ပြည်သူ့အားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ အားကစားသမားများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့များက သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်အား စစ်ရေးပြမှူးဦးဆောင်သော အားကစားသမားများက အလေးပြုခြင်းများ ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာခံဌာန် ရွတ်ဆိုကြသည်။



ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ကွမ်းခြံကုန်းမြို့နယ်၌ ၂၀၂၅ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကွမ်းခြံကုန်း ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာအုပ်စု မြေနီကုန်းကျေးရွာ၌ ၂၀၂၅ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက်က ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး သစ်ပင်စိုက်ပျိုးရေးအတွက် ပျိုးပင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးလှမင်းထံ ပေးအပ်ပြီး ကွမ်းခြံကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခေတ္တဥက္ကဋ္ဌ အဖွဲ့ဝင် ဗိုလ်မှူး ပြည်စုံစိုး၊ အဖွဲ့ဝင် ဦးရဲတင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးနှင့် တွံတေးခရိုင် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်ဦးတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာသူ ကျေးရွာသားများထံ သစ်ပင်များ ပေးအပ်ပြီး မန်ဂျန်ရှား ၅၀၀ နှင့် ကျေးရွာတစ်ရွာ နှစ်ကေစိုက်ခင်းပင် ၂၄၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



**ဆွေနွယ်(ပြန်/ဆက်)**

# ရပ်စောက်မြို့နယ်၌ မူလတန်းကြိုကျောင်းကလေးများအား အာဟာရကျွေးမွေးလှူဒါန်း

**ရပ်စောက် ဇွန် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ညိုမီစောက ရပ်စောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းရှိ ကလေးများအား အာဟာရဒါနလှူဒါန်းခဲ့သည်။



ဦးစွာ ရပ်စောက်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းမှ ကလေးများနှင့် ရင်းနှီးစွာတွေ့ဆုံပြီး ကလေးများက သီချင်းများ၊ ကဗျာများရွတ်ဆို၍ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကမှ လှူဒါန်းသော ကြက်သားဆန်ပြုတ်နှင့် အာဟာရဖြစ်စေရန် နွားနို့ကို ဇွန် ၁၉ ရက်က ရပ်စောက်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် မူလတန်းကြိုကျောင်းမှ ဆရာမများက ကလေးငယ် ၅၃ ဦးအား ကျွေးမွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြိတ်မြို့နယ် ပင်းအိုကျေးရွာ၌ အခြေခံစက်ချုပ်နည်းသင်တန်းဖွင့်

**မြိတ် ဇွန် ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပင်းအိုကျေးရွာ၌ အခြေခံစက်ချုပ်နည်းသင်တန်းကို ဇွန် ၁၉ ရက်က မြိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပင်းအိုအရှေ့ကျောင်း၌ ဖွင့်လှစ်သည်။



သင်တန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသောင်းအေးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက စီမံကိန်းလုပ်ငန်း အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်က သင်တန်း သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ပြီး တက်ရောက် လာကြသူများက သင်ထောက်ကူ ပစ္စည်းများကို ကြည့်ရှုသည်။

သင်တန်းတွင် စက်ချုပ်သင်တန်းသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံနှင့် အခြေခံချုပ်ရိုးများ ချုပ်နည်း၊ အခြေခံစက်နင်းနည်း၊ ကိုယ်တိုင်းနည်း၊ Pattern ဆွဲနည်း၊ ဘောင်းဘီချုပ်နည်း၊ ကလေးဂါဝန် (ရင်ဆက်) ချုပ်နည်း၊ သဘော်သားအင်္ကျီချုပ်နည်း၊ ရင်စေ့ချုပ်နည်း၊ နောက်ကွဲဇစ်အင်္ကျီဇစ်တပ်နည်းနှင့် ချုပ်နည်း၊ ရင်ဖုံးချုပ်နည်း၊ စကပ်ရိုးရိုးချုပ်နည်း၊ ဘလောက်ခါးတင်ချုပ်နည်း၊ သုံးလွှာစကပ်ချုပ်နည်း၊ ပတ်ထဘီချုပ်နည်း စသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။

**ဖွင့်လှစ်**

အဆိုပါသင်တန်းကို ဇွန် ၁၉ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းသူ ၁၅ ဦး တက်ရောက်သည်။

**ခိုင်ထူး (ပြန်/ဆက်)**

# တောင်ကြီးမြို့နယ်၌ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ အသိပညာပေးဟောပြော



**တောင်ကြီး ဇွန် ၂၀**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦးက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေရရှိရေး တည်ဆဲအခွန်ဥပဒေများနှင့်အညီ စည်းကြပ်ကောက်ခံသွားရန် လိုအပ်သည့်အခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အခွန်ထမ်းပြည်သူများအား အိမ်၊ ခြံ၊ မြေ၊ ဝယ်ယူ/ ရောင်းချ/ လွှဲပြောင်း ဆောင်ရွက်ခြင်းနှင့် အဆောက်အအုံ တည်ဆောက်ပြုပြင်သူများအား တည်ဆဲဥပဒေများနှင့်အညီအခွန်ပေးဆောင်မှုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးသည်။

**ခရိုင်(ပြန်/ဆက်)**

# သထုံမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**သထုံ ဇွန် ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၉ ရက်က အောက်ကျင်းရပ်ကွက် မဟာအောင်မြေရွှေဘုံကျောင်း တိုက်အတွင်းရှိ မဟာဂန္ဓဝင်စံကျောင်း၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးက အမှာစကားပြောကြားပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဟန်ဝင်းထွဋ်က ယာဉ်တိုက်မှု/ ယာဉ်မတော်တဆမှု အမျိုးအစားများ၊ ဖြစ်ပွားရသည့်အကြောင်းများ၊ ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းချက်များ စသည့် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ ဒုရဲအုပ်ဖြိုးသူခိုင်က အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ်(၅) မျိုး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ဖောက်ဖျက်ခြင်းအတွက် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ရာဇသတ်ကြီးဥပဒေတို့အရ အရေးယူနိုင်မှုများ စသည်တို့ကိုလည်းကောင်း ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနန်းဝင်းထွန်းက ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း အသိပညာပေး ဟောပြောဆွေးနွေးကြသည်။

**ခရိုင်(ပြန်/ဆက်)**



# လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းနှင့် သွေးဆောင်ဖြားယောင်းခိုးယူမှုများအကြောင်း အသိပညာပေးဟောပြော

**ညောင်တုန်း ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က စက္ကော့ကျေးရွာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းစိုးအောင်က အမှာစကားပြောကြားပြီး ညောင်တုန်းမြို့မစခန်းမှူး ဒုတိယရဲမှူးညီညီက လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းနှင့် သွေးဆောင်ဖြားယောင်းခိုးယူမှုများကို ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးအကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးစိုင်းခွန်ဆမ်က အမျိုးသမီးများအား အကြမ်းဖက်မှုများအပေါ် ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်လှိုင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် လူငယ်နဲ့ရည်မှန်းချက်၊ လူငယ်နဲ့စာရိတ္တ၊ မျိုးဆက်သစ်လူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်ရေး စသည့် လူငယ်ရေးရာအသိပညာပေး အကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သွယ်သွယ်စိုးက အကြမ်းဖက်ခြင်းခံရသည့် အမျိုးသမီးများအတွက် လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ၊ ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် လိပ်စာနှင့် ဖုန်းနံပါတ်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး မြောင်းမြအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**မြောင်းမြ ဇွန် ၂၀**
ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ မြောင်းမြခရိုင် တရားသူကြီး ဦးဝင်းနိုင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းက မြောင်းမြအကျဉ်းထောင်အား သွားရောက်ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူများ၊ အချုပ်သား အချုပ်သူများနေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်နှင့် ဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ဥပဒေပါ အခွင့်အရေးများ ရရှိခြင်း ရှိမရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မှု ရှိ မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ မရ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးမေးမြန်းပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင်တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရပ်စောက်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရပ်စောက် ဇွန် ၂၀**
ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့က ရပ်စောက်-ပင်းတယသွားလမ်းတောင်ဘက် မြို့အဝင်ဆိုင်းဘုတ်အနီး အင်းခေါင်းကန် ရေဝေရေလဲဧရိယာ အတွင်း၌ ကျင်းပသည်။



ဦးစွာ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် အမှာစကားပြောကြားပြီး စိုက်ပျိုးမည့်သစ်ပင်များကို ဗထူးတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများထံ ပေးအပ်သည်။

ထို့နောက် ဗထူးတပ်နယ်မှူးနှင့် တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများအလိုက် ပိတောက်၊ မျောက်ငို၊ ခါတော်မီ၊ ထင်းရှူး၊ ယမနေ၊ စိန်ပန်းနီ၊ မဟော်ဂနီ စသည့် ပျိုးပင်စုစုပေါင်း ၁၆၀၈ ပင်ကို စိုက်ပျိုးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန် ကွင်းဆင်းသရုပ်ပြ

**ငါးသိုင်းချောင်း ဇွန် ၂၀**
ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ငါးဝန်မြစ်အတွင်း သွားလာပြေးဆွဲနေသော ရေယာဉ်များက ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ငါးသိုင်းချောင်းနယ်မြေစခန်းတာဝန်ခံနှင့် မီးသတ်တပ်ဖွဲ့ဝင်များက Lijack ဝတ်ဆင်မှုသင်ကြားပြသပေးခြင်းနှင့် ရေယာဉ်များအတွက် အသက်ကယ်ဘောကွင်း၊Lijack များအသင့်ထားရှိရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့မရပ်ကွက်ကမ်းနားဆိပ်တွင် ယမန်နေ့က စတင်ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်နှင့် မြို့မီးသတ် လက်ထောက်ဦးစီးမှူး ဦးဝင်းနိုင်တို့က ရေလမ်းခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အသက်ကယ်ဝတ်စုံများကို ဝတ်ဆင်ပုံနှင့် မိမိတို့နေအိမ်များတွင် အလွယ်တကူရရှိနိုင်သည့် ရေသန့်ဘူးများ၊ ရေပုံးများနှင့် အသက်ကယ်ဝတ်စုံပြုလုပ်ပုံအဆင့်ဆင့်တို့ကို ပြုလုပ်ပြသခဲ့ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**



# လင်းခေး၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

**လင်းခေး ဇွန် ၂၀**
ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၅ ခုနှစ် ဇွန် ၂၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၇နာရီက လင်းခေးမြို့ တပ်နယ်စိုက်ကွင်း၌ ကျင်းပသည်။

အဆိုပါ အထိမ်းအမှတ် စိုက်ပျိုးပွဲ မကျင်းပမီ လင်းခေးတပ်နယ်မှူး ဗိုလ်မှူးကြီး ကျော်ထွန်းလတ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်တို့က ပျိုးပင်များ ပေးအပ်ကြရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြပြီး တပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်ကာ တက်ရောက်လာကြသူများက စုပေါင်းသစ်ပင် စိုက်ပျိုးကြသည်။



**စိုင်းဇော်လတ်(လင်းခေး)**

# မှော်ဘီမြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေးဆွေးနွေး

**မှော်ဘီ ဇွန် ၂၀**
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် ဇွန် ၁၉ ရက်တွင် မှော်ဘီမြို့နယ်ရှိ Su Yu Ei Co.,Ltd အထည်ချုပ်စက်ရုံ၊ Kido Yangon Co.,Ltd အထည်ချုပ်စက်ရုံ၊ Myanmar D System Garment Co.,Ltd အထည်ချုပ်စက်ရုံနှင့် Myanmar Sock Co.,Ltd ခြေအိတ်ချုပ်စက်ရုံများသို့ Mobile Training Bus ဖြင့် သွားရောက်၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် အလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**



# မိုင်းဖြတ်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ပျိုးပင်ပေါင်း ၈၀၀ ကျော် စိုက်ပျိုး

**မိုင်းဖြတ် ဇွန် ၂၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနက



ကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက အလက(ခွဲ) ၂၂၁ စာသင်ကျောင်းဝင်းအတွင်း ကျင်းပသည်။

ဦးစွာ မိုင်းဖြတ်တပ်နယ်မှ အရာရှိများနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဌေးတို့က စိုက်ပျိုးမည့်ပျိုးပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများထံ ပေးအပ်သည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသည့် တပ်နယ်မှအရာရှိများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကျွန်း ၁၅၀၊ မန်ကျည်းရှား ၂၀၀၊ မဲဇလီ ၁၅၀၊ ခရေ ၃၀၊ ငုစပ် ၈၀၊ စိန်ပန်းနီ ၅၀၊ ပန်းမဲဇလီ ၁၃၀၊ ကံ့ကော် ၂၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ကျောက်တံတားမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ကွင်းဆင်းဆောင်ရွက်




ရန်ကုန် ဇွန် ၂၀

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးကြေညာချက်နှင့် ပတ်သက်၍ ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်စပယ်အောင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးတင့်ဝေတို့ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောက်တံတားမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်ခဲ့သည်။

**ကျော်ဆန်းမြင့်**

## ဘီးလင်းမြို့နယ်၌ မြစိမ်းရောင်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း ဇွန် ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဦးစီးဌာနမှ မုသင်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး ၈၆ ဦး၊ မွေးမြူရေး၂၉ ဦး၊ အရောင်းအဝယ် ၂၇ ဦး၊ အသက်မွေးဝမ်းကျောင်း ၁၅ ဦးနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးတို့က စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၉၅ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇွန်လ တတိယပတ်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းပုံစံများ၊ တစ်ဦးချင်း ချေးငွေမှတ်တမ်းများ၊ စာရင်းရေးသွင်းဖြည့်သွင်းထားရှိမှုများနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မွေး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "userjzjdz60em" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက်နေ သန္တာမြင့်အား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၂၀**

အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့်အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မဂ(၂)ရပ်ကွက်နေ ပြည့်ဖြိုးကျော်(ခ)ကိုစိုင်းမှ ရှမ်းပြည်နယ် နောင်ချိုမြို့နေ မ---၊ ၂၆/၂၀၂၅ နှစ်အား တရုတ်မယားအဖြစ် ခြောက်လလုပ်ကိုင်ပါက ယွမ် ၁၇၀၀၀ ပေးမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံ နောင်တောင်းကျေးရွာရှိ တရုတ်ပွဲစားနေအိမ်သို့ ပို့ဆောင်ပေးခဲ့ပြီးနောက် လက်ထပ်ဗီဇာပြုလုပ်ရန် မန္တလေးမြို့သို့လာရောက်ရန် စီစဉ်ပေးခဲ့ကြောင်း၊ ထို့နောက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နေ မ---၊ ၂၂/၂၀၂၅ နှစ်အားလည်း တရုတ်ယောက်ျားယူပြီး သုံး/လေးလနေပြီးပါက ပြန်၍ရသည်ဟု လူမှုကွန်ရက် Tik Tok မှတစ်ဆင့် စည်းရုံးပြောဆို၍ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ပွဲစားနေအိမ်မှတစ်ဆင့် တရုတ်နိုင်ငံသား ရှိကြီးဝေထံသို့ ပို့ဆောင်ပေးခဲ့ပြီးနောက် လက်ထပ်ဗီဇာပြုလုပ်ရန် မန္တလေးမြို့သို့လာရောက်ရန် ထပ်မံစီစဉ်ပေးခဲ့သည့်အပြင် ပြည့်ဖြိုးကျော်(ခ) ကိုစိုင်းမှ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ဆုလတ်(ခ) ကေကေမိုးနှင့် ရှမ်းပြည်နယ် မူဆယ်မြို့နေ သက်သက်အေးတို့နှင့်ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နေ မ---၊ ၂၈/၂၀၂၅ နှစ်အား တရုတ်မယားလုပ်ကိုင်ပါက ငွေကျပ်သိန်း ၈၀ ပေးမည်၊ တရားမဝင် သွားရောက်ရမည်၊ မိဘများထံ လာရောက်တောင်းယူပြီးပါက ငွေများပေးမည်၊ ခြောက်လပေါင်းသင်းရမည်ဟု ပြောဆိုစည်းရုံး၍ လက်ထပ်ဗီဇာပြုလုပ်ရန် မန္တလေးမြို့သို့ အလားတူပို့ဆောင်ပေးခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်း (ပ)၂၄/၂၀၂၅ နှင့် (ပ)၂၅/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၃၅ နှင့် (ပ)၂၆/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၃၅/၄၄ တို့ဖြင့် အမှုသုံးမှု ရေးဖွင့်တရားစွဲတင်ခဲ့သည်။

မဟာအောင်မြေခရိုင်တရားရုံးမှ ဇွန် ၁၉ ရက်တွင် တရားခံ ပြည့်ဖြိုးကျော်(ခ)ကိုစိုင်းအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၃၈(က) အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ ဆုလတ်(ခ)ကေကေမိုးနှင့် သက်သက်အေး တို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၀

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

ဇွန် ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၄၈၅၅၅၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၀၆၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၉၁၅၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ရှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၄၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၂ ဒသမ ၄၃၂ တန်၊ မီးသွေး ၃၁ ဒသမ ၅၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၁၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် မန္တလေးမြို့မှ မုံရွာမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၀၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Star Mpv Micro Bus တစ်စီးနှင့် Toyota Crown တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်မြို့ လေယာဉ်ကွင်းလမ်းခွဲ ဂိတ်စ်ဆိုင်အနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၅၀၁၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၅၅၆၅၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြေနီကုန်းကားဝင်း၊ ရွှေနဒီကားဂိတ်ရှေ့၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၄၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ဇွန် ၁၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၀ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၅၉ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၉ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၁၈၉၃၁၆၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ ဆမ်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)၊ မြေကွက်အကျယ်အဝန်း ပေ၄၀ x ပေ၆၀ရှိ မြေကွက်အမှတ်(ဈ-၁၄၀)နှင့် မြေကွက်အကျယ်အဝန်း ပေ၄၀ x ပေ၆၀ရှိ မြေကွက်အမှတ်(ဈ-၂၁၁)တို့အတွက် အိမ်အမှတ် ဥ/၆၄၆၅၊ မြတ်လေး (၄)လမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊နေပြည်တော်တွင် ယခုနေထိုင်သော ဦးတင်ထူးမောင် ၁၃/ကလတ(နိုင်)၀၁၇၃၄၇ သို့ တာချီလိတ်ခရိုင်၊ အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပေးထားခဲ့သည့် မြေပေးမိန့်တစ်စောင်စီမှာ ၂၈-၃-၂၀၂၅ ရက်တွင် ဖြစ်ပွားခဲ့သော မြေငလျင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့ပါသဖြင့် မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစတင်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက သက်ဆိုင်ရာရုံးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးတင်ထူးမောင် ၁၃/ကလတ(နိုင်)၀၁၇၃၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈၃၀/ကြပ်ပြင်ကြီးကွင်း)၊ ဦးပိုင်အမှတ်(၆၉)၊ မြေရေိယာ ၀ ဒသမ ၁၁၁ဧကရှိ အစိုးရ(မြို့မြေ)ကွက်အား ဦးဇော်မျိုးထွန်း (ဘ) ဦးသီလ ၈/မမန(နိုင်)၁၂၂၃၁၅မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ လူနေရပ်ကွက်အမှတ် (ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၁၃၀၁)၊ အကျယ်အဝန်း ပေ(၄၀x၆၀)၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၀၁)၊ ဟံသာဝတီလမ်း၊ (၁၄)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၁)ထပ်ပျဉ်ထောင် နေအိမ်တို့အား အမည်ပေါက်ထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးငြိမ်းမောင် ၉/မလန(နိုင်)၁၀၂၇၄၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုင်းကျော်စိန် ၁၃/နခန(နိုင်)၁၃၇၇၈၁ က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအိမ်၊ ခြံ၊ မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် (LL.B) (စဉ်-၂၂၇၄၇)** **ဒေါ်ရွှေစင်ဝင်း (LL.B) (စဉ်-၁၆၇၀၅)**
**အထက်တန်းရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ကျောက်ကျင်းရှိ ဒေါ်ခင်မာကြူ ၉/ပမန(နိုင်)၀၄၆၇၀၉ အမည်ပေါက် ဘိုးဘပိုင်မြေကွက်၊ ဦးပိုင်အမှတ်(၄ᵉ)၊ မြေရေိယာ ၀ ဒသမ ၃၂၆ဧကအနက်မှ မြေရေိယာ ၀ ဒသမ ၁၃၉ဧကအား ဒေါ်တင်တင်အေး ၉/မထလ(နိုင်)၀၆၁၈၃၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် အမည်ပေါက်သူမှ ဘိုးဘပိုင်မြေအမည်ပေါက်ပြောင်းလဲသတ်မှတ်ခြင်းစာအမှတ်၊ ၀၅၆/ ၁၈-၁/နပတ(မြို့/မြေ)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ် (၀၁၃/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ သံတောင်လမ်း၊ မြေတိုင်းရပ်ကွက်-၃၄၊ မြေကွက်အမှတ်(၁၅၂-က)၊ မြေရေိယာ ၀ ဒသမ ၀၂၇ဧက (အလျား၂၀ပေxအနံ၆၀ပေ)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင်(ဦးဝင်းခင်အမည်ပေါက်) နှစ်(၆၀)ဂရန်မြေရှိသောမြေကွက်ဖြစ်ပြီး တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်လဲ့လဲ့ဝင်း ၁၄/အဂပ(နိုင်)၁၇၇၆၈၆ မှ ဖော်ပြပါမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် မြေကွက်ကို အရှုပ်အရှင်းကင်းစွာ လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီရိယမင်းဆု ၁၂/တမန(နိုင်)၁၀၉၁၆၀ က (၂၀၂၅ခုနှစ်၊ ဇွန်လ ၁၇ ရက်) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး တရားဝင်လက်ရှိထား ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်သန္တာဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၄၁)**
**အမှတ်-၃၇/၄၊ သစ္စာလမ်း၊ (၅)ရပ်ကွက်၊ ပုသိမ်မြို့**
**ဖုန်း-၀၉-၄၂၂၅၀၃၅၆၆**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်ကို ဆက်သွယ်သော တံတားသစ်တွင် အသုံးပြုမည့် Detailed Structural Design of 3 Spans Continuous Steel Arch (50m+ 150m+ 50m=250m) နှင့် Supervision for Erection of Steel Arch လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - | (၂၃-၆-၂၀၂၅) ရက် |
| ၃။ | **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်၊ အချိန်** | - | (၂-၇-၂၀၂၅) ရက်၊ (၁၄:၀၀) နာရီ |
| ၄။ | **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန်** | - | (၄-၈-၂၀၂၅) ရက်၊ (၁၆:၀၀) နာရီ |
| ၅။ | **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | - | ထပ်မံအကြောင်းကြားပါမည်။ |

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်-

မှတ်ချက်။ တင်ဒါပုံစံဝယ်ယူခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်သို့ လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံကြေးအား မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်ရှိ တံတားဦးစီးဌာန၏ MD-012939 သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၅၁၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေရေိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အမှတ်(ပ-၂၃၉၇၁) ကို အမည်ပေါက် ဦးမြညွန့် (ဘ) ဦးမြမောင် ၁၂/ဥကမ(နိုင်)၁၁၉၉၂၅ မှ ဒေါ်မိုးပွင့်ဖြူ (ဘ) ဦးမောင်ယီ ၁၂/ဥကမ(နိုင်)၁၉၁၃၃၉ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေရေိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အမှတ်(ပ-၂၂၃၀၄) ကို အမည်ပေါက် ဒေါက်တာမာလာဝင်း (ဘ) ဦးတင်ရွှေ ၉/ပဘန(နိုင်)၁၁၅၂၉၃မှ ဒေါ်ဆွေဆွေမြင့် (ဘ) ဦးအောင်ဆန်းမြင့် ၉/မနမ(နိုင်)၀၉၅၉၇၅နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၄၄၂၊ ဒ-၃၂၄၄၄)၊ မြေရေိယာ ၀ ဒသမ ၂၈၂ဧကရှိ ဦးလွှန်းစိန် (ခ) ချီယွန်ရှဲန် (ဘ) ဦးချီတက်ဟန် ၁၃/တကန(နိုင်)၁၃၈၆၈၂၊ ဒေါ်လီလီမြင့် (ခ) ချိန်ချိုရင် (ဘ) ဦးချိန်နန်းစိန် (ခ) ချိန်ဟို ၁၃/တကန(နိုင်)၁၃၈၆၈၃တို့အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးလွှန်းစိန် (ခ) ချီယွန်ရှဲန်၊ ဒေါ်လီလီမြင့် (ခ) ချိန်ချိုရင်တို့မှ ဒေါ်လီလီမြင့်(ခ) ချိန်ချိုရင် (ဘ) ဦးချိန်နန်းစိန် (ခ) ချိန်ဟို ၁၃/တကန(နိုင်)၁၃၈၆၈၃အား ပေးကမ်းစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဦးသန့်ဇော်ထွန်း၏သမီးဒေါ်ဆုမြတ်နိုးဝေ ၁၂/လသန(နိုင်)၂၄၈၄၉၄ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်။ ဦးအောင်မျိုး(ဘ)ဦးထွန်းမြင့်အောင် ၉/ဆကန(နိုင်)၁၂၈၃၉၃ နှင့် ဒေါ်ဆုမြတ်နိုးဝေ (ဘ) ဦးသန့်ဇော်ထွန်း ၁၂/လသန(နိုင်)၂၄၈၄၉၄တို့သည် ၂၈-၄-၂၀၂၅ ရက် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ သက်သေများရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုမြတ်နိုးဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းစန္ဒာမြတ် (LL.B, DBL)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၄၉၀/၂၀၂၀)**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၀၀၉၉၁၀၀၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၄

| | | |
|---|---|---|
| ဦးဇော်မင်းထွန်း | နှင့် | ဦးတင်မောင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်(ဆ-၂/၆၄)နေ ဦးတင်မောင် (ဘ) ဦးစံဘ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဇော်မင်းထွန်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ ၀ ဒသမ ၀၅၁ဧက အကျယ်အဝန်းရှိ ဦးတင်မောင် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ ပေ(၂၀x၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် ဒ-၃၂၄၃၉၊ မြေရေိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးကျော်ဇင်ဦး (ဘ) ဦးတင်ငွေ ၅/ရဥန(နိုင်)၀၇၆၈၈၇ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးကျော်ဇင်ဦးမှ ဒေါ်သီသီဟန် (ဘ) ဦးလွှန်းစိန် (ခ) ချီယွန်ရှဲန် ၁၂/စခန(နိုင်)၀၆၄၃၂၀ နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက် ဘုရားငါးဆူလမ်း၊ နယ်မြေ(၃)နေ ဦးအောင်ကြည်၏သား ဦးထွန်းထွန်းဦး ၇/လပတ(နိုင်)၀၉၆၃၂၁၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၀၀၅၂၇၅၂**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက၊ ကံကလေး၊ Grade-5 မှ (ဘ) ဦးလှသိန်း ၇/ကတခ(နိုင်)၁၃၂၈၈၉ ၏သား မောင်ပြည့်ဖြိုးခြံ ၏ အမည်မှန်မှာ မောင်ပြည့်ဖြိုးလျှံ ဖြစ်ပါကြောင်း။

**မောင်ပြည့်ဖြိုးလျှံ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/3742 TVS KING 200, T/W အား စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ ဦးအောင်နိုင်ထွန်း ၁၁/စတန(နိုင်)၀၅၄၅၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/7626 TVS KING 200, T/W အား စစ်တွေမြို့၊ ဓညဝတီရပ်ကွက်နေ ဒေါ်လှလှနွယ် ၁၁/စတန(နိုင်)၁၂၃၀၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/44711 Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြစိုးအောင် ၇/ပခတ(နိုင်)၀၄၇၁၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/46165 Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ဦး ၇/ပတတ(နိုင်)၀၀၈၄၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## မွေးသက္ကရာဇ်အမှန်

မုဒုံမြို့နယ်၊ အထက (တံခွန်တိုင်) Grade-12 မှ (ဘ) ဦးစံသိန်း၏သမီး မိနန်းဒေဝီ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၀-၂၀၀၇ ရက် ဖြစ်ပါကြောင်း။

**မိနန်းဒေဝီ**

## မိဘအမည်မှန်

မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ပညာမြေကိုယ်ပိုင်အထက်တန်းကျောင်း Grade-10မှ မယုရတီလင်း၏ မိဘအမည်မှန်မှာ ဦးအောင်သန်းလင်း ၁၀/မလမ(နိုင်)၁၉၄၂၀၄ နှင့် ဒေါ်ခင်ညိုဝင်း ၁၀/ရမန(နိုင်)၁၅၇၉၆၆ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ရွှေဂူဘကကျောင်း (G-6)မှ (ဘ) ဦးရာဇာမင်း ၏သား မောင်လင်းမြတ်ဟိန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁၀-၂၀၁၂ရက် ဖြစ်ပါကြောင်း။

**မောင်လင်းမြတ်ဟိန်း**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ရွှေဂူဘကကျောင်း (G-6)မှ (ဘ) ဦးမြင့်သူ ၏သား မောင်ဇေယျာမင်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၂-၂၀၁၃ရက် ဖြစ်ပါကြောင်း။

**မောင်ဇေယျာမင်းထက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/2861 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဂျိုးဇက် ၂/လကန(နိုင်)၀၉၁၇၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/72975 Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းဝင်း ၂/လကန(နိုင်)၀၀၀၉၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/26562 Honda CBR 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာဝင်း ၇/ပမန(နိုင်)၁၆၁၄၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ဝါရှောင်လမ်း၊ မြေကွက်အမှတ် (၁၀၇/က)၊ အကျယ်အဝန်း(၂၀ပေX၆၀ပေ)၊ ဧရိယာ(၀.၀၂၇၅)ဧကရှိ ဒေါ်ယုဇင်အိ ၁၂/အစန(နိုင်)၁၄၀၅၂၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်၄င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့်ဝယ်ယူထားသူ ဦးရဲလင်းကျော် ၁၂/သကတ(နိုင်)၁၄၇၄၃၀မှ အပေါင်အနှံ. အရှုပ်အရှင်း ကင်းရှင်း၍ ၄င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေးငွေးဝင်း(LL.B, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၂၇)နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈၊ ၀၉-၆၉၁၈၀၁၅၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ ဟံသာဝတီ(၂၂)လမ်း၊ မြေကွက်အမှတ်(၆၄-က)၊ ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန် မူရင်းတွင် ဦးအုန်းသန်း ၁၂/ဥကတ(နိုင်)၁၃၅၁၂၂အမည်ပေါက် အလျား(၆၀)ပေXအနံ(၂၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်ထားသူဦးအုန်းသန်း ၁၂/ဥကတ(နိုင်)၁၃၅၁၂၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်စုဆန်းစိုး(ဒ်)၁၂/ဗတထ(နိုင်)၀၃၀၀၁၈မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုဆန်းစိုး(ဒ်)၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃.၉.၂၀၁၂)** | **အထက်တန်းရှေ့နေစဉ်-၅၃၁၅၀ (၃၀.၆.၂၀၂၀)** |

**အမှတ်(၈၉၉)၊မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၁၀၉၈၉၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ) လသာကုန်း Grade-7 မှ မောင်သက်ပိုင်ဖြိုး ၇/အဖန(နိုင်)၁၅၀၆၉၆၏ ဖခင်အမည်မှာ ဦးကျော်မိုး ၇/အဖန(နိုင်)၀၆၁၇၂၉နှင့် ဦးအောင်ကျော်မိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်မိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၂) နယ်မြေ၊ စံစီဖိုးလမ်း၊ အိမ်အမှတ် ၁၁၈၉နေ ဦးဖိုးခွေး၏သမီးဖြစ်သူ နော်စန်းလိုက်(ခ)နော်စမ်းလိုက် ၁၄/အမန(နိုင်)၀၄၈၁၄၀သည် အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ)ဦးသိန်းအောင်၏သား ကျွန်တော် မောင်မိုးသုန်မင်း ၁၀/မဒန(နိုင်)၂၆၁၀၀၀၈၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၈၁၀၈၈၁**

## မိဘအမည်မှန်

ပုသိမ်မြို့၊ အမှတ်(၅)နယ်မြေ PEC ကိုယ်ပိုင်အထက်တန်းကျောင်း GRADE-11 တွင် ပညာသင်ယူနေသော မထက်စန္ဒာအောင်၏ မိဘအမည်မှန်မှာ ဦးသန့်စင်-ဒေါ်မြဦးဖြစ်ပါကြောင်း။

**ဦးသန့်စင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/73938, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကြည်ပြာဖွေးဖွေး ၁၄/ဝခမ(နိုင်)၁၇၈၄၄၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## အလိမ္မာ စာမှာရှိ

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ- ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၅

| | | |
|---|---|---|
| ဦးအလီ | နှင့် | ဦးမောင်ကို |
| **တရားလို** | | **တရားပြိုင်** |

အိမ်အမှတ်(၃၈/၇၇)၊ အမှတ်(၂)ရပ်ကွက်၊ အေးသာယာမြို့၊ တောင်ကြီးမြို့နယ်နေ ဦးမောင်ကို (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဦးအလီက မှတ်ပုံတင်အိမ်မြေအရောင်းအဝယ်စာချုပ်ပြုလုပ်ပေးစေလိုမှု နှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်လိုက်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ဦးပိုင်သူကျော် (၁၂/သကတ(နိုင်)၁၈၀၂၁၉) နှင့် ဒေါ်နဝရတ်(ခ)ဒေါ်နိုနိုဖြိုးသွဲ့ (၁၂/လမတ(နိုင်)၀၃၂၈၀၆) တို့ သည် ၂၀၁၆ ခုနှစ်တွင် တရားဝင်အကြင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပြီးနောက် (၇-၄-၂၀၂၃) ရက်တွင် အလုံမြို့နယ်တရားရုံးတော်၌ မှတ်ပုံတင်အမှတ် ၆/၂၀၂၃ ဖြင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူတရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် တစ်ဦးနှင့်တစ်ဦးပိုင်ဆိုင်မှုပစ္စည်းများခွဲဝေပြီးသည့်အတွက်နောက်နောင်ပိုင်ဆိုင်မှုပစ္စည်းများနှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး ငွေတစ်ပြားတစ်ချပ်မျှ တောင်းဆိုခွင့်မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်အောင်ကြည် (ငါးသိုင်းချောင်း) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၃၁)**
**အမှတ် (၉/၁၁)၊ အခန်း (၂၀၂/E)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၂၀၀၁၈၇၃၄၊ ၀၉- ၉၇၁၄၃၃၄၁၆**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသူ ဦးသီဟဇော် ၇/တငန(နိုင်)၂၃၉၇၅၁ နှင့် ဒေါ်ဝေမင်းသွယ် ၇/တငန(နိုင်)၂၅၆၄၂၄ တို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်ကြ၍ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိပါသောကြောင့် (၁၈-၆-၂၀၂၅) ရက်တွင် အသိသက်သေများရှေ့မှောက်၌ "မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူဆန္ဒအရ တရားဝင်ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါသည်။ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး ရပိုင်ခွင့်ပစ္စည်း တစ်စုံတစ်ရာကျန်ရှိခြင်း မရှိပါကြောင်းနှင့် ပတ်သက်ဆက်နွှယ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသီဟဇော်နှင့် ဒေါ်ဝေမင်းသွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ငြိမ်းတိုး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၇၇၉)**
**မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၆၄၆၆၈၈၃**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ကွေ့ကြီးတောင်ရပ်၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ (၀.၀၇၉)ဧကရှိအောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၇၁)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၆၆)
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၆၈)၊(၆၉)၊(၆၉/က)

အထက်ဖော်ပြပါ မြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ခင်စိုးလွင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇူလိုင်လ (၁၅)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြင်းခြံမြို့**

## ဦးအောင်ရဲထွဋ်(ဘ)ဦးစောနိုင်(၁၄/ပတန(နိုင်)၀၀၀၄၈၆)နှင့် အများသိစေရန်ကြော်ငြာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၈)နေ ဒေါ်ဝင်းဝင်းအေး (၁၄/ပတန(နိုင်) ၀၀၃၈၈၆)၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်အေးအေးဝင်းနိုင်(ဘ)ဦးစောနိုင် (၁၄/ပတန(နိုင်) ၁၁၃၄၀၃)၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်ရဲထွဋ်(ဘ) ဦးစောနိုင်(၁၄/ပတန (နိုင်)၀၀၀၄၈၆)နှင့် အများသိစေရန် ကျွန်ုပ်မှအောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်-

ဦးအောင်ရဲထွဋ်သည် မိခင်ဖြစ်သူအား ရိုင်းပျစွာခိုင်းနှိုင်း၍ ပြောဆိုခြင်း၊ အမေအရင်းမှ ဟုတ်ရဲ့လားတောင် မသိကြောင်း၊ တရားမျှတမှုမရှိကြောင်း၊ သမာသမတ်မကျကြောင်း ပြောဆိုခြင်း၊ ညစ်ညမ်းသည့်စကားလုံးများဖြင့် မိခင်အားခိုင်းနှိုင်းခြင်း၊ ကွယ်လွန်သူဖခင်ကိုလည်း ရက်စက်သူဖြစ်သည်ဟု ပြောဆိုခြင်း၊ မိဘနှင့်အဒေါ်များအား online ပေါ်တွင် လူယုတ်မာများနှင့် သံသရာတွင် မဆုံဆည်းလိုကြောင်း၊ ရေးသားခြင်းစသည့် ခွင့်မလွှတ်နိုင်သော အကြောင်းတရားတို့ကြောင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ပြီး၊ ဦးအောင်ရဲထွဋ်နှင့် မည်သို့မျှ ဆက်စပ်ပတ်သက်စရာအကြောင်း မရှိကြောင်းကို ဦးအောင်ရဲထွဋ်နှင့်အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းဇာခြည်ထွန်းB.A(BM), PGDL**
**အထက်တန်းရှေ့နေ**
**တိုက် (၄၆/A) ပထမထပ်၊ ခေမာလမ်း၊**
**သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၂၅၀၈၅၉၀၊ ၀၉-၇၇၈၄၈၂၅၂၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၄)လမ်း၊ အမှတ်(၈၂၀/က)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ကန်ထရိုက်တိုက်၏ (၄)ထပ်တိုက်အဆောက်အအုံမှ မြေညီထပ်(ခေါင်းရင်းခြမ်း)အလျား(၁၄)ပေX အနံ(၄၂)ပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်း တွယ်ကပ်ထားသော ပစ္စည်း၏ အကျိုးခံစားခွင့် အရပ်ရပ်အား ဦးဝင်းကိုကိုကျော် ၁၂/မရက(နိုင်)၁၂၃၃၄၇မှ မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးအောင်သန်းမင်း ၁၂/ကမရ(နိုင်)၀၅၂၃၇၀မှ ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသဖြစ်သော တန်ဖိုးငွေအား စရန်ငွေပေးချေခဲ့ပြီး ဖြစ်သောကြောင့် ဤတိုက်ခန်းအရောင်းအဝယ်အား ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆိုဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဦးအောင်သန်းမင်းထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းမင်းစိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် ၁၃၀၂၉)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၅၀၀၂၉၂၁၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/2538 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၉၄၆၈၆, Tubro Star-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁၄/နေဖ(နိုင်)၁၂၄၉၄၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/56338, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မွန်ထိုက် ၁၄/မမန(နိုင်)၁၅၂၅၂၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ
## မအူပင်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၅

| | | |
|---|---|---|
| ၁။ ဦးမြင့်ဦး | နှင့် | ၁။ ဦးကျော်လွင်ထွန်း |
| ၂။ ဦးဇော်လင်း | | ၂။ ဦးမျိုးနိုင် |
| ၃။ ဒေါ်တင်နွယ် | | |
| ၄။ ဦးဇော်ဇော်အောင် | | |
| ၅။ ဦးခင်မောင်ဦး | | |
| **ပြင်ဆင်မှုလျှောက်ထားသူများ** | | **ပြင်ဆင်မှုလျှောက်ထားခံရသူများ** |

ညောင်တုန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၁/၂၀၂၄ ၏၂၀၂၅ခုနှစ်၊ မေလ(၂၉)ရက် ရက်စွဲပါ အမိန့်နှင့်ဒီကရီကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ ပြင်ဆင်မှုလျှောက်ထားခံရသူ အမှတ်(၂) ဦးမျိုးနိုင်၊ ဝမ်းတရိုးကျေးရွာ၊ ကညင်းကောက်ကြီးကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နေ (ယခု နေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ညောင်တုန်းမြို့နယ် တရားရုံးတော်မှ ချမှတ်သည့်အမိန့်နှင့်ဒီကရီကို ၁။ ဦးမြင့်ဦး ၂။ဦးဇော်လင်း ၃။ ဒေါ်တင်နွယ် ၄။ဦးဇော်ဇော်အောင် ၅။ ဦးခင်မောင်ဦးတို့က ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်း ၍ ဤပြင်ဆင်မှုကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ရက်(၁၃၈၇ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်)တွင်ဆိုင်ရန် ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့မလာရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မွန်မြတ်သူ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မအူပင်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ကော့သောင်းမြို့နယ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၂)မိုင် Grade-5 မှ မLနီအောင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင်အောင် (၆/ကသန(နိုင်)၀၅၁၀၈၅) ဖြစ်ပါကြောင်း။

**ဦးနိုင်နိုင်အောင်**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့၊ ဆည်တိုကျေးရွာနေ (ဖခင်)ဦးသက်လွင်၏ သမီးဖြစ်သူ မအိမြတ်နိုး မွေးသက္ကရာဇ် အမှန်မှာ ၂၀-၃-၂၀၀၅ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

သဲကုန်းမြို့နယ်၊ ကွဲခေါင်းကျေးရွာအုပ်စု၊ ကွဲခေါင်းကျေးရွာနေ ဦးသန်းစိုး၏သား ဦးသိန်းထိုက်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၆-၅-၁၉၈၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက (မူယာပင်) ကျောင်း Grade-3 မှ မောင်ကောင်းခန့်သူနှင့် Grade-12 မှ မောင်သန့်ဇင်ရှိုင်းတို့၏ ဖခင်အမည်မှန်မှာ စောအောင်ဇင်လတ် ၇/ကပက(နိုင်)၀၆၁၄၈၅ ဖြစ်ပါကြောင်း။

**စောအောင်ဇင်လတ်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/86418 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတမြို့)**

## အများပြည်သူသိရှိစေရန်ကြေညာခြင်း

ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စည်းကြပ်ကောက်ခံလျက်ရှိသည့် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားလမ်း၊ ကုန်စည်ဒိုင်ဝင်းအတွင်းရှိ ဆိုင်ခန်းများ၏ မြေငှားရမ်းခများ စည်းကြပ်ကောက်ခံလျက်ရှိရာ ဆိုင်ခန်းအမှတ်(C-3) ဦးမောင်မောင်၊ ဒေါ်ရီရီမြင့် အမည်ပေါက်ဆိုင်ခန်းအား ဦးမောင်မောင်၊ဒေါ်ရီရီမြင့်ထံမှ (၁၂.၈.၂၀၂၃)ရက်တွင် ဒေါ်ချောစုလှိုင်မှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါ၍ ဦးမောင်မောင်၊ဒေါ်ရီရီမြင့်အမည်မှ ဒေါ်ချောစုလှိုင်အမည်သို့အခွန်ထမ်းအမည်ပြောင်းလဲထမ်းဆောင်ခွင့်ပြုပါရန် အရောင်းအဝယ်စာချုပ်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်များနှင့်အတူ အခွန်ထမ်းအမည်ပြောင်းလျှောက်ထားချက်အပေါ် ကန့်ကွက်လိုပါက(၃.၇.၂၀၂၅)ရက်နောက်ဆုံးထား၍ အထောက်အထားခိုင်လုံစွာဖြင့်တင်ပြကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ ကန့်ကွက်လွှာတင်ပြလာခြင်းကို လက်ခံဆောင်ရွက်မည်မဟုတ်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အခွန်ထမ်းအမည်ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ပုသိမ်မြို့**

